# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်　　၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၂၇ ရက်၊ တနင်္ဂနွေနေ့　　အတွဲ (၆၄)၊ အမှတ် (၀၂၇)


## ပြာဟ္မဏ

နက်နဲသောပညာ ရှိသော၊ ထက်မြက်သောပညာ ရှိသော၊ လမ်းမှန်ဟုတ်သည် မဟုတ်သည်၌ လိမ္မာသော၊ အရဟတ္တဖိုလ်သို့ ရောက်ပြီးသော ထိုပုဂ္ဂိုလ်ကို ပြာဟ္မဏဟု ငါဘုရားဟော၏။

ပြာဟ္မဏဝဂ်(ဓမ္မပဒ-၄၀၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်း ငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



လွိုင်ကော်မြို့၌ သီရိမင်္ဂလာဈေးသစ် ဆောက်လုပ်နေမှုကို တွေ့ရစဉ်။

## ကယားပြည်နယ် လွိုင်ကော်မြို့အား မြို့အင်္ဂါရပ်နှင့်အညီဖြစ်စေရေး အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ အရှိန်အဟုန်ဖြင့်ဆောင်ရွက်နေ

လွိုင်ကော် အောက်တိုဘာ ၂၆

ကယားပြည်နယ် အစိုးရအဖွဲ့အနေဖြင့် လွိုင်ကော်မြို့ သန့်ရှင်းသာယာလှပရေးနှင့် မြို့အင်္ဂါရပ်နှင့်အညီဖြစ်စေရေးကို ဌာနဆိုင်ရာများနှင့် ပြည်သူများလက်တွဲ၍ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် လွိုင်ကော်မြို့၌ ရေများ ပြန်လည်ကျဆင်း၍ သီရိမင်္ဂလာဈေးသစ်ကို တည်ဆောက်လျက်ရှိရာ သတ်မှတ်ကာလအချိန်မီပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီရေး၊ ဈေးအတွင်း ပြည်သူများ ဝင်ထွက်သွားလာမှု လွယ်ကူစေရေးအတွက် လမ်းများနှင့် ရေစီးရေလာကောင်းမွန်စေရေးတို့အတွက်ပါ စနစ်တကျ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

*စာမျက်နှာ ၄ ကော်လံ ၄* ❂

## ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးစပါးသီးနှံကေ ၆၀၀၀၀ ကျော် စိုက်ပျိုးပြီးစီး လျာထားကေ ကျော်လွန်စိုက်ပျိုးနိုင်ပြီး သီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ



ပွင့်ဖြူ အောက်တိုဘာ ၂၆

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးစပါးသီးနှံ စိုက်ပျိုးရာသီတွင် ဒေသခံ တောင်သူများက သီးနှံဝင်ငွေ တိုးပွားစေရန်နှင့် ဒေသတွင်း ဆန်စပါး စားနပ်ရိက္ခာဖူလုံစေရေးအတွက် မဲဇလီရေလွှဲဆည်ရေဖြင့် တစ်မြို့နယ်လုံး မိုးစပါးသီးနှံ စိုက်ကေ ၆၉၉၉၉ ကေ စိုက်ပျိုးဆောင်ရွက်ထားရှိရာ အောင်မြင်

*စာမျက်နှာ ၅ ကော်လံ ၁* ❖


ယနေ့ *ဖတ် စ ရာ*

**ဒီမိုကရေစီမှ နန်းစဉ်နိုင်ငံရေးသို့ အင်ဒိုနီးရှားအစိုးရအသစ်နှင့် ရှေ့အလားအလာ** ဆောင်းပါး စာ ၈



**နွေစပါး မိုးစပါးနှင့် ဆီထွက်သီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိရေး အလေးထားဆောင်ရွက်ပေးနေသည့် ကြက်မောက်တောင်ရေလှောင်တမံ** ဆောင်းပါး စာ ၁၆





## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ၂၀၂၄ ခုနှစ် ပြည်ထောင်စုဝန်ကြီးဖလား အားကစားပြိုင်ပွဲများကျင်းပလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၆

**ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် အားကစားအရည်အသွေးပြည့်မီစွာနှင့် အဆင့်အတန်းရှိရှိ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ကြိုတင်ပြင်ဆင်သောအနေဖြင့်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းများနှင့် ကျောင်းသားလူငယ်များ ကျန်းမာကြံ့ခိုင်စေရေးနှင့် နိုင်ငံ့ဂုဏ်ဆောင်ထွန်းပြောင်စေမည့် အားကစားသမားကောင်းများ ပေါ်ထွန်းလာစေရေးအတွက် လည်းကောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ၂၀၂၄ ခုနှစ် ပြည်ထောင်စုဝန်ကြီး ဖလားအားကစားပြိုင်ပွဲများကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်းနှင့် ဝန်ကြီးဌာနပိုင်အားကစား ကွင်းများတွင် ယခုလ ၂၅ ရက်မှစတင်၍ ကျင်းပယှဉ်ပြိုင်လျက်ရှိသည်။**

ယနေ့မွန်းလွဲပိုင်း၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျနှင့်အတူ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း အားကစားလေ့ကျင့်ရေးခန်းမ(၁)၌ ဘော်လီဘော(ကျား) ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားနေမှုများကို သွားရောက်ကြည့်ရှု အားပေးသည်။ ပွဲစဉ်(၁) တွင် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန အသင်း(က) က အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနအသင်း(က) ကို ပွဲငယ်သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိသည်။ ပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီးနှင့်အတူ အားကစားသမားများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျသည် တာဝန်ရှိသူများ၊ ကျောင်းသားများနှင့်အတူ ဘော်လီဘော(ကျား) ပွဲစဉ်နှင့် ပိုက်ကျော်ခြင်း(ကျား) ပွဲစဉ်၊ ဖူဆယ်ဘောလုံး (ကျား) ပြိုင်ပွဲများကို ကျင်းပသည့်နေရာအသီးသီးတွင် သွားရောက်ကြည့်ရှုအားပေးသည်။

ဘော်လီဘော(ကျား)ပွဲစဉ်(၂) တွင် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအသင်း (ခ) က အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနအသင်း (ခ) ကို ပွဲငယ် သုံးပွဲပြတ်ဖြင့် အနိုင်ရရှိသည်။

ပိုက်ကျော်ခြင်း (ကျား) ပြိုင်ပွဲ ပွဲစဉ်များကို အားကစားလေ့ကျင့်ရေးခန်းမ (၃) တွင် ကျင်းပရာ ပွဲစဉ်(၃) တွင် အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနအသင်း (ခ) က အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနအသင်း(က)ကို ပွဲငယ် ၂ ပွဲ - ၁ ပွဲ ဖြင့်လည်းကောင်း၊ ပွဲစဉ်(၄) တွင် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန အသင်း(ခ) က နည်းပညာ




သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအသင်း (က) ကို ပွဲငယ်၂ ပွဲ - ၁ ပွဲဖြင့်လည်းကောင်း အနိုင်ရရှိသည်။

ဆက်လက်၍ အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်) တွင် ဖူဆယ်ဘောလုံး(ကျား)ပြိုင်ပွဲကို ကျင်းပသည်။ ပွဲစဉ်(၁) တွင် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန အသင်း (က) က အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနအသင်း(က) ကို ၄ ဂိုး - ၁ ဂိုး ဖြင့်လည်းကောင်း၊ ပွဲစဉ်(၂)တွင် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန အသင်း (ခ) က အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနအသင်း (ခ) ကို ၂ ဂိုး- ၁ ဂိုး ဖြင့်လည်းကောင်း အနိုင်ရရှိသည်။ ပွဲစဉ်အပြီးတွင် ဒုတိယဝန်ကြီးသည် အားကစားသမားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကြောင်း သိရှိရသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီး နို့စားနွားမွေးမြူရေးသရုပ်ပြနှင့် မျိုးဖြန့်ဖြူးရေးခြံ(နေပြည်တော်) နှင့် လေ့ကျင့်သင်ကြားရေးဆေးရုံများ၏ လုပ်ငန်းဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် အောက်တိုဘာ ၂၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးသည် ယနေ့နံနက်ပိုင်းက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန နို့စားနွားမွေးမြူရေး သရုပ်ပြနှင့် မျိုးဖြန့်ဖြူးရေးခြံ(နေပြည်တော်) သို့ ရောက်ရှိစစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ် အစာကျွေးမွေးမှု၊ အာဟာရပြည့်ဝစေမှု အပါအဝင် မွေးမြူမှုစနစ်များနှင့် ရောဂါထိန်းချုပ် ကာကွယ်ရေး လုပ်ငန်းများကို ပညာပေးဆောင်ရွက်ကြရန်၊ မျိုးမြင့်နို့စားနွားများ တိုးပွားလာစေရေးအတွက် မျိုးကောင်းမျိုးသန့် နို့စားနွားမျိုးများ ဖြန့်ဖြူးနိုင်ရေးနှင့် နို့စားနွား မွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် တစ်ပိုင်တစ်နိုင် ယူနစ်အလိုက် မွေးမြူဆောင်ရွက်ခြင်း စီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ချက်များကို မှာကြားသည်။

ဆက်လက်၍ ပျဉ်းမနားမြို့ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လေ့ကျင့်သင်ကြားရေး ဆေးရုံသို့ ရောက်ရှိရာ ဆေးရုံတာဝန်ခံက ဆေးခန်းဆိုင်ရာ ပညာရပ်များ သင်တန်း ဖွင့်လှစ်မှု၊ အိမ်မွေးတိရစ္ဆာန်များ ကာကွယ်ဆေးထိုးနှံပေးခြင်း၊ အရေပြားရောဂါများ စစ်ဆေးကုသပေးခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ သွေး၊ ဆီး၊ ဝမ်း ဓာတ်ခွဲစစ်ဆေးမှုများ ပြုလုပ်ပေးခြင်းနှင့် အခြားသောကျန်းမာရေးဝန်ဆောင်မှုများ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ရာသီကူးပြောင်းကာလများတွင် ဖြစ်ပေါ်တတ်သည့် ကူးစက်ရောဂါများကို ကာကွယ်ဆေးထိုးခြင်းဖြင့် ရောဂါဖြစ်ပွားမှုလျှော့ချနိုင်ရေး၊ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ပြီး ကူးစက်ရောဂါများကို မျက်ခြည်မပြတ် စောင့်ကြည့်ကာကွယ်ရန် လိုအပ်ချက်များကို မှာကြားပြီး လေ့ကျင့်သင်ကြားရေး ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပျဉ်းမနားမြို့နယ်ရုံး ရုံးတွင်း/ ရုံးပြင် သန့်ရှင်းရေး၊ စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း (၁၂) ကြိမ်မြောက် အာဆီယံသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်လှုပ်ရှားမှု အစီအစဉ်များသို့တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၂၆**

(၁၂) ကြိမ်မြောက် အာဆီယံသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေး (ASEAN Ministerial Meeting on Disaster Management–AMMDM) နှင့် ဆက်စပ်လှုပ်ရှားမှု အစီအစဉ်များကို ဘရူနိုင်းနိုင်ငံ ဘန်ဒါဆရီဘီဂါဝမ်မြို့၌ အောက်တိုဘာ ၂၃ ရက်မှ ၂၅ ရက်အထိ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် အာဆီယံနိုင်ငံများမှ ဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာဝန်ကြီးများ၊ ဆွေးနွေးဖက် တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံတို့မှ ဝန်ကြီးများနှင့်အတူ တက်ရောက်သည်။

ပြည်ထောင်စုဝန်ကြီးသည် ယမန်နေ့ နံနက်ပိုင်းက အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အခမ်းအနားသို့ တက်ရောက်ပြီး အထိမ်းအမှတ်သစ်ပင်စိုက်ပျိုးမည့် ဘန်ဒါဆရီဘီဂါဝမ်မြို့နှင့် Taman Mahkota Jubli Emas ဥယျာဉ်တို့သို့ သွားရောက်ပြီး အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဝန်ကြီးများနှင့်အတူ




သတ်မှတ်နေရာတွင် ကံ့ကော်ပင်ကို စိုက်ပျိုးပေးသည်။ **(အပေါ်ပုံ)**

အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် အိမ်ရှင်ဘရူနိုင်းနိုင်ငံ ပြည်ထဲရေးဝန်ကြီးက နှုတ်ခွန်းဆက်စကား ပြောကြားပြီး အာဆီယံအတွင်းရေးမှူးချုပ်၏ (၁၂) ကြိမ်မြောက် အာဆီယံ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေး ဂုဏ်ပြုဗီဒီယို သတင်းစကားကို ထုတ်လွှင့်ပြသသည်။

ထို့နောက် ၂၀၀၄ ခုနှစ် အိန္ဒိယသမုဒ္ဒရာ ဆူနာမီ အနှစ် (၂၀) ပြည့် အထိမ်းအမှတ်အစီအစဉ်ကို ကျင်းပရာ ၂၀၀၄ ခုနှစ် ဆူနာမီဘေး ကျရောက်စဉ် မှတ်တမ်းတင် ဗီဒီယိုပြသခြင်း၊ အဆိုပါဘေးအန္တရာယ်အတွင်းမှ လွတ်မြောက်ခဲ့သူများနှင့် တွေ့ဆုံမေးမြန်းခြင်း မှတ်တမ်း၊ ဆူနာမီတိုက်ခတ်မှု နောက်ပိုင်းကာလ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဖွဲ့စည်းမှု၊ ကြိုတင်ပြင်ဆင်မှု အစရှိသည့် စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များ တိုးတက်ဖြစ်ထွန်းလာမှု မှတ်တမ်းတို့ကို ပြသသည်။

ယင်းနောက် ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်နှင့် (၁၂) ကြိမ်မြောက် အာဆီယံ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးသို့ ဂုဏ်ပြုပေးပို့သော ကုလသမဂ္ဂဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးရုံးအကြီးအကဲ၏ ဂုဏ်ပြုသတင်းစကား ဗီဒီယိုကိုပြသကာ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မွန်ပြည်နယ် ဝန်ကြီးချုပ် မော်လမြိုင်မြို့ လောကသရဖူဘုရားနှင့် လောကထိပ်ခေါင်ဘုရားဝင်းအတွင်း စုပေါင်းလုပ်အားဒါနပြု ဆောင်ရွက်နေမှုကြည့်ရှုအားပေး

**မော်လမြိုင် အောက်တိုဘာ ၂၆**

(၃၆) နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ စုပေါင်းကာ ယနေ့ နံနက်ပိုင်းက မော်လမြိုင်မြို့ တောင်ရိုးတန်းလမ်းရှိ လောကသရဖူဘုရားနှင့်လောကထိပ်ခေါင်ဘုရားဝင်း အတွင်း၌ အများပြည်သူတို့ စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်နိုင်ရေး စုပေါင်းလုပ်အားဒါနပြု သန့်ရှင်းရေးလုပ်ငန်းများ ပြုလုပ်ခဲ့ကြသည်။

စုပေါင်းလုပ်အားဒါနပြုလုပ်ရာတွင် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာရှိနှင့် အခြားအဆင့်ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ သန္နှေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက စေတီတော်မြတ်ကြီး ရင်ပြင်တော် သန့်ရှင်းရေး အညစ်အကြေးများ ဆေးကြောခြင်း၊ တံမြက်စည်းလှည်းခြင်း၊ အရံစေတီများနှင့် အာရုံခံဝတ်များရှိ ရုပ်ပွားတော်များ ရောင်တော်ဖွင့်ခြင်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ခြင်း စသည့် စေတီတော်မြတ်ကြီးအား သန့်ရှင်းသပ္ပါယ်ကြည်ညိုစွာဖြင့် အဖူးမြော်ခံနိုင်ရေး စည်းလုံးညီညွတ်စွာ စုပေါင်းလုပ်အားဒါန ပြုလုပ်ခဲ့ကြသည်။

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာသို့ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက လာရောက်ကြည့်ရှု အားပေးကာ လိုအပ်သည်များ ကူညီပံ့ပိုးဆောင်ရွက်ပေးခဲ့ကြသည်။

အလားတူ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ YMBA အသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ရပ်ကွက် (၁၀) ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးနှင့် အုပ်ချုပ်ရေးရုံး အဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက တောင်ရိုးတန်းလမ်းတစ်လျှောက်ရှိ သစ်ပင်ချုံနွယ်များ၊ အမှိုက်သရိုက်များအား စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးကြောင်း သိရသည်။



**ခင်စန်းမြင့် (ပြန်/ဆက်)**

# အိမ်မဲမြို့နယ် အထက (၂) တွင် ကြက်ခြေနီရှေးဦးပြုစုခြင်း အခြေခံသင်တန်း အမှတ်စဉ် (၃/၂၀၂၄) သင်တန်းဖွင့်ပွဲကျင်းပ

**အိမ်မဲ အောက်တိုဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် အထက (၂) ကျောင်းတွင် မြို့နယ်ကြက်ခြေနီ အသင်းခွဲမှ ဦးဆောင်ကျင်းပသည့် ကြက်ခြေနီရှေးဦးပြုစုခြင်း အခြေခံသင်တန်း အမှတ်စဉ် (၃/၂၀၂၄) သင်တန်း ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။



အခမ်းအနားတွင် အိမ်မဲမြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင် (၂) ဒေါက်တာသန်းဌေး၊ မြို့နယ်ကြက်ခြေနီအသင်းခွဲ ဥက္ကဋ္ဌ ဦးကျော်မြင့်တို့က အမှာစကားများနှင့် သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားကြသည်။

အဆိုပါသင်တန်းကို သင်တန်းနည်းပြ ခုနစ်ဦးက သင်တန်းသားသင်တန်းသူ ၅၁ ဦးကို ရှေးဦးပြုစုခြင်းဆိုင်ရာ ဘာသာရပ် ၁၂ ခုကို စာတွေ့လက်တွေ့သုံးရက်ကြာ သင်ကြားသွားမည်ဖြစ်ကြောင်းနှင့် မြို့နယ်ကြက်ခြေနီအသင်းခွဲအနေဖြင့် ရှေးဦးပြုစုခြင်း အခြေခံသင်တန်းများကို အထက (၁)၊ အထက (ခွဲ)တကောကျောင်းတို့တွင် သင်ကြားပေးပြီးဖြစ်ပြီး ယခု အထက (၂) တွင် တတိယအကြိမ်မြောက် ဆောင်ရွက်ခြင်းဖြစ်ကြောင်းသိရသည်။

**ချစ်သက်လယ်**
**(ပြန်/ဆက်)**

❂ *ရှေ့ဖုံးမှ*

အဆိုပါဈေးသစ်တည်ဆောက်နေမှုကို ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် တာဝန်ရှိသူများသည် ယနေ့တွင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအချိန်မီ ပြီးစီးရေးနှင့် လိုအပ်သည်များ မှာကြားခဲ့ကြောင်းသိရသည်။

ထို့အပြင် နောင်ယား (ခ) ရပ်ကွက်ရှိ နောင်ယားကန်သာကိုလည်း အများပြည်သူအပန်းဖြေ အနားယူနိုင်ရန် ကန်ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး၊ ကန်အတွင်း ရေမှော်များနှင့် အမှိုက်များ ကင်းစင်ရေး၊ ကန်ပတ်လမ်းပတ်ဝန်းကျင်တွင် မူလစိုက်ပျိုးထားသည့် ပန်းအလှပင်များပြုပြင်ထိန်းသိမ်းရေး၊ ပြည်သူများအပန်းဖြေနားနေမည့် နေရာများ ပြုပြင်ပေးရေး၊ ကန်အား မြို့အင်္ဂါရပ်နှင့် အညီ သာယာလှပစေရေးအတွက် ကန်ပတ်ဝန်းကျင် တစ်လျှောက် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြကြောင်း သိရသည်။ အဆိုပါ နောင်ယားကန်သာပတ်ဝန်းကျင် တစ်လျှောက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ သွားရောက်ကြည့်ရှုအားပေးကာ ပါဝင်ဆောင်ရွက်ကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လွိုင်ကော်မြို့ ရွှေတောင်ရပ်ကွက် ရွှေတောင်ပရိယတ္တိစာသင်တိုက်သို့ ရောက်ရှိကာ ရေများပြန်လည်ကျဆင်း၍ ကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုပြီး ပါဝင်ဆောင်ရွက်နေသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။ ရေဝင်ရောက်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကျောင်းဆောင်များနှင့် ဓမ္မာရုံတို့ရှိ အခင်း၊ အမိုးနှင့် အခန်းနံရံများ၊ ပြတင်းတံခါးများအား ပြုပြင်နိုင်ရေး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် လောဓမ္မရပ်ကွက်နှင့် ဒေါတမရပ်ကွက်များအတွင်း ပြည်နယ်အစိုးရအဖွဲ့ အစီအစဉ်ဖြင့် ပြည်သူများသို့စားသုံးဆီများ ဖြန့်ဖြူး ရောင်းချနေမှုများနှင့် စက်သုံးဆီ အရောင်းဆိုင်များသို့ လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့သည်။ စားသုံးဆီများ၊ စက်သုံးဆီများကို အရောင်းဆိုင်များအနေဖြင့် သတ်မှတ်ရည်ညွှန်းဈေးနှုန်းများအတိုင်း အခြင်အတွယ်ပြည့်မီစွာ ရောင်းချပေးရန်နှင့် ပွင့်လင်းရာသီ ရောက်ရှိလာပြီဖြစ်၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ထားရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် သန့်ရှင်းသာယာရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂၆**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦးနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက် အမှတ်(၁၀) အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ လယ်ဝေးမြို့နယ် ဝင်တဲကူး ကျေးရွာအုပ်စု သစ်တောရွာခန်းမ၌ ကျင်းပသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ၂၀၂၄ - ၂၀၂၅ ခုနှစ် ဆောင်းဆီထွက်သီးနှံ စီမံကိန်းအတွက် မျိုးစေ့နှင့် သွင်းအားစုပစ္စည်းများပေးအပ်ခြင်းနှင့် တောင်သူတွေ့ဆုံပွဲသို့ တက်ရောက်ပြီး တောင်သူများအား နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ၂၀၂၄ - ၂၀၂၅ ခုနှစ် ဆောင်းဆီထွက်သီးနှံ စီမံကိန်းအတွက် မျိုးစေ့နှင့် သွင်းအားစုပစ္စည်းများ ထောက်ပံ့ပေးအပ်ကာ (ယာပုံ) ဒေသခံတောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် လယ်ဝေးမြို့နယ် ပလွေးချောင်းကူးပေ ၁၅၀ သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်း



လုပ်ငန်းနှင့် Box Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ဒက္ခိဏသီရိဈေးအတွင်း နေပြည်တော်ဒေသထွက်ကုန်နှင့် လက်ဆောင်ပစ္စည်းအရောင်းဆိုင်၊ MSME ထုတ်ကုန်အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လယ်ဝေးမြို့နယ် အမှတ်(၂) အားကစားလေ့ကျင့်ရေး စခန်း၌ စခန်းသွင်းလေ့ကျင့်နေကြသည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နေပြည်တော်ကိုယ်စားပြု အားကစားသမားများအား သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားကာ ဖြည့်စွက်အားဖြည့်စာများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဒက္ခိဏသီရိမြို့နယ် ကျွန်းတက်ပဲ့ ကျေးရွာအုပ်စု ညောင်ကုန်းစံပြကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းဖြင့် ဆောင်ရွက်နေသည့် ခြံစနစ်ဖြင့် မွေးမြူထားသော ဆိတ်ခြံ၊ ဝက်ခြံ၊ ကျွဲခြံတို့ကိုလည်းကောင်း၊ နေပြည်တော် ရေပန်းဥယျာဉ် အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ဝန်ထမ်းအိမ်ရာများနှင့် အိမ်ရာပတ်ဝန်းကျင်တွင် သန့်ရှင်းသာယာလှပရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေကိုလည်းကောင်း၊ ပုဗ္ဗသီရိမြို့နယ် ပင်လောင်းလမ်း (အေးမြင့်သာယာ တံတားအနီး) လမ်းဘေးဝဲ/ယာတွင် ပန်းအလှပင်များ စိုက်ပျိုးနေမှုအခြေအနေကိုလည်းကောင်း၊ ပုဗ္ဗသီရိမြို့နယ် ဆင်သေချောင်းရေလမ်းကြောင်းမှန်ကန်စေရေး တူးဖော်ဆောင်ရွက်ပြီးစီးမှု၊ ယာယီကမ်းထိန်း ရေကာတာများဆောင်ရွက်ထားရှိမှုနှင့် တံတားပြုပြင်ပြီးစီးမှု အခြေအနေကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

❖ *ရှေ့ဖုံးမှ*

ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။ ယခုအခါ ဒေသခံတောင်သူများက မိုးစပါးစိုက်ခင်းများကို သီးနှံအထွက်နှုန်း ကောင်းမွန်စေရန်အတွက် ပေါင်းနုတ်ခြင်း၊ မြေဩဇာကျွေးခြင်း၊ မျိုးကွဲပယ်ခြင်းနှင့် ပိုးမွှားရောဂါမကျရောက်စေရန် ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများကို ကြိုးပမ်းလုပ်ဆောင်နေကြကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိုးစပါးသီးနှံ အထွက်နှုန်းကောင်းမွန်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်ရာတွင် ဒေသတွင်းရှိ တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရှိ တာဝန်ခံကွင်းဝန်ထမ်းများက ကွင်းဆင်းကြိုးကြပ်ပြီး မိုးစပါးသီးနှံအထွက်တိုးရေး လုပ်ဆောင်ရမည့် စိုက်ပျိုးရေးနည်းပညာများကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများက မဲဇလီရေလွှဲဆည်ရေဖြင့် ဆာဖိုးသာ၊ ရောမင်း၊ ရတနာတိုး၊ မနောသုခ၊ ဆင်းသုခ၊ ရောပဒေသာ၊ ပေါ်ဆန်းရင်၊ ပခန်းရွှေဝါ၊ ချမ်းမြေ့မေ၊ ဆင်းသိင်္ဂီ စသည့်စပါးမျိုးများကို စီးပွားဖြစ် စိုက်ပျိုးကြကြောင်းသိရပြီး စိုက်ပျိုးရေ အဆင်ပြေမှုကြောင့် မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

တစ်မြို့နယ်လုံး မိုးစပါးသီးနှံ ၆၉၉၄၄ ဧက လျာထားစိုက်ပျိုးဆောင်ရွက်ခဲ့ရာ မြေပြင်စိုက်ပျိုးဧက ၆၉၉၉၉ ဧက စိုက်ပျိုးပြီးစီးခဲ့သဖြင့် သတ်မှတ်လျာထားဧက ပြည့်မီကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

---

**နိုင်ငံ့အဝန်း သစ်တောစွမ်းဖြင့်**
**စိမ်းလန်းစေရမည်**

---

# ကရင်ပြည်နယ် ဝန်ကြီးချုပ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး အားကစားနည်းအလိုက် စခန်းသွင်းလေ့ကျင့်နေမှုများ ကြည့်ရှုအားပေး

**ဘားအံ အောက်တိုဘာ ၂၆**

၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပမည့် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်သို့ ကရင်ပြည်နယ် ကိုယ်စားပြု အားကစားသမားများ စေလွှတ်ယှဉ်ပြိုင်နိုင်ရေးနှင့် အောင်မြင်မှုများ ရရှိနိုင်ရေး အားကစားနည်းအလိုက် ဘားအံမြို့ပေါ်ရှိ အားကစားကွင်း၊ အားကစားရုံများတွင် စခန်းသွင်းလေ့ကျင့်လျက်ရှိရာ အောက်တိုဘာ ၂၆ ရက် နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့်တာဝန်ရှိသူများ လိုက်လံကြည့်ရှု အားပေးကြသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ဘားအံမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း မိုးလုံလေလုံအားကစားခန်းမ၌ ပြည်နယ်လက်ရွေးစင် ကြက်တောင်ရိုက် အသင်း၏ စခန်းသွင်းလေ့ကျင့်နေမှု၊ ဘားအံမြို့ အမှတ်(၁)ရပ်ကွက် ပဒုမ္မာလမ်းရှိ ဂျူဒိုအားကစားခန်းမတွင် ဂျူဒိုအားကစားသမား များ၏ စခန်းသွင်း လေ့ကျင့်နေမှုနှင့် ဘားအံမြို့ မိုးလုံလေလုံအားကစားခန်းမ၌ ဘတ်စကက်ဘောအသင်း၏ စခန်းသွင်းလေ့ကျင့်နေမှုများကို သွားရောက်ကြည့်ရှု အားပေးပြီး အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ကာ သက်ဆိုင်ရာ အားကစားနည်းအလိုက် စခန်းသွင်းလေ့ကျင့်ရာတွင် လိုအပ်ချက်များအပေါ် အမြန်ဆုံး ဖြည့်ဆည်း ဆောင်ရွက်ပေးရန်၊ အမျိုးသား အားကစားပွဲတော် အောင်နိုင်ရေးနှင့် တံခွန်စိုက်ဆုဖလားရရှိနိုင်ရေး ဆပ်ကော်မတီအသီးသီးမှ ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်သို့ ကရင်ပြည်နယ်အနေဖြင့် အားကစားနည်း ၂၃ နည်း၊ အားကစားသမားပေါင်း ၄၅၉ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

---

# ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်နှင့် ရန်ကုန်တက္ကသိုလ် ကြည့်ရှုစစ်ဆေး



**ရန်ကုန် အောက်တိုဘာ ၂၆**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် တာဝန်ရှိသူများသည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်သို့ ရောက်ရှိပြီး အဝေးသင်တက္ကသိုလ် ဒုတိယအသုတ် ကျောင်းသား ကျောင်းသူများ ဝိဇ္ဇာတွဲဘာသာရပ်များ ဖြေဆိုနေမှုနှင့် အဝေးသင် သင်တန်းဌာနခွဲ လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ (ဌာနမှူး) များ၊ ပါမောက္ခများ၊ သင်ကြားစီမံတာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ဝန်ကြီးဌာန၏ မျှော်မှန်းချက်နှင့် လုပ်ငန်းတာဝန်များကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရန်၊ တက္ကသိုလ်များအလိုက် အရည်အသွေး အာမခံမှုစနစ် တည်ဆောက်နေမှုနှင့် တက္ကသိုလ် သင်ကြားရေးနှင့် စီမံခန့်ခွဲရေး အရည်အသွေးများ တိုးတက်ပြီး အာရှတက္ကသိုလ်များ အဆင့်သတ်မှတ်ချက်တွင် အဆင့်တက်အောင် ကြိုးစားကြရန် ဆွေးနွေးမှာကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးကာ တက္ကသိုလ် စာကြည့်တိုက်၊ တက္ကသိုလ်ဝင်း အတွင်းနှင့် အားကစားရုံ၊ အားကစားကွင်းများကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ ရန်ကုန်မြို့ပေါ်ရှိတက္ကသိုလ်များမှ အင်္ဂလိပ်စာ ပါရဂူဘွဲ့ရ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများနှင့် တွေ့ဆုံပြီး အင်္ဂလိပ်စာသဒ္ဒါ (Grammar) ကို မီဒီယာများမှ တစ်ဆင့် ထုတ်လွှင့်သင်ကြားနိုင်ရေးအတွက် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရေး၊ တက္ကသိုလ်အဆင့်နှင့် အခြေခံပညာအဆင့်သင်ဆရာ ဆရာမများ၏ အရည်အချင်းမြှင့်တင်ရေး သင်တန်းများ ပို့ချရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲမှ ပထမဆုရပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်ခဲ့မှု မြင်ကွင်းပဒေသာ

၂၀၂၄ ခုနှစ် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အောက်တိုဘာ ၁၄ ရက်မှ အောက်တိုဘာ ၂၃ ရက်အထိ နေပြည်တော်ရှိ သတ်မှတ်နေရာ အသီးသီး၌ကျင်းပခဲ့ရာ ပထမဆုရပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်ခဲ့မှု မြင်ကွင်းပုံရိပ်များကို စုစည်းဖော်ပြလိုက်ပါသည်။




**စောင်း (အတီး)**

စောင်းအတီးပြိုင်ပွဲ အဆင့်မြင့်ပညာ(အမျိုးသား)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်အောင်သူဟိန်း "ပန်းဟောဝန်" (ယိုးဒယား) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




**ဆိုင်း (အတီး)**

ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲ အဆင့်မြင့်ပညာ (အမျိုးသား)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်ဟိန်းမေတ္တာနှင့်အဖွဲ့ တီးခတ်ယှဉ်ပြိုင်မှုကို တွေ့ရစဉ်။




**အဆို**

မဟာဂီတအဆိုပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့် (အမျိုးသား)၌ ပထမဆုရရှိသည့် ရခိုင်ပြည်နယ်မှ ဦးရဲလင်းကျော် "စိန်ကြောင်နီလာ"(ပတ်ပျိုး) သီချင်းဖြင့် သီဆိုယှဉ်ပြိုင်စဉ်။



**အက**

အကပြိုင်ပွဲ အဆင့်မြင့်ပညာ(အမျိုးသမီး)၌ ပထမဆုရရှိသည့် ကယားပြည်နယ်မှ မမွန်းဘေဘီမောင်၏ ကပြယှဉ်ပြိုင်ဟန်။




**အရေး**

အရေးပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ အိန္ဒြေမြင့်မိုရ် "လူငယ်အားမာန်အမြဲရှင်သန် နိုင်ငံပြည်ကျိုး ဆောင်သယ်ပိုး" ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်စဉ်။




**ဆိုင်းတစ်ဦးချင်းပြိုင်ပွဲ**

ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲ ဝါသနာရှင် ပထမတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးကောင်းဆက် (ခ) ကျော်ဆန်းလွင် "ထောင်ရောင် နေကသာ" (သီချင်းခံ) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။



**စန္ဒရား (အတီး)**

စန္ဒရားအတီးပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးမှ ဦးအာကာလင်း "ပန်းဟောဝန်" (ယိုးဒယား) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်မှုကို တွေ့ရစဉ်။




**ချင်းတိုင်းရင်းသားရိုးရာအက**

ချင်းတိုင်းရင်းသားရိုးရာအက (အလွတ်တန်း)ပြိုင်ပွဲ၌ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မောင်ကောင်းစံဟိန်းနှင့်အဖွဲ့ "ချင်းတောင်တန်းမှ ကြိုဆိုလျက်" သီချင်း နောက်ခံဖြင့် ကပြယှဉ်ပြိုင်စဉ်။



**စောင်း(အတီး)**

စောင်းအတီးပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ဦးမျိုးကို "ညာသပြေဘောင်"(ကြိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်မှုကို တွေ့ရစဉ်။



**စန္ဒရား(အတီး)**

စန္ဒရားအတီးပြိုင်ပွဲ ဝါသနာရှင် ပထမတန်းအဆင့်(အမျိုးသမီး)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်တင်ဇာအေးလွင် "ယမုန်နာ" (ပတ်ပျိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




**စောင်း(အတီး)**

စောင်းအတီးပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့် (အမျိုးသမီး)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်ခြူးရတနာစိမ့် "ရေယမုန်" (ပတ်ပျိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်မှုကို တွေ့ရစဉ်။



**ဆိုင်း(အတီး)**

ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသမီး)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်ဝင့်ရွှေရည်မိုး (ခ) စတားရွှေရည်ဖိုးဇော်နှင့်အဖွဲ့ တီးခတ်ယှဉ်ပြိုင်စဉ်။




**အဆိုပြိုင်ပွဲ(မဟာဂီတ)**

မဟာဂီတအဆိုပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့် (အမျိုးသမီး)၌ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မလင်းလက်နွယ် "တောတောင်စွယ်" (ယိုးဒယား) သီချင်းဖြင့် သီဆိုယှဉ်ပြိုင်မှု။

# ဒီမိုကရေစီမှ နန်းစဉ်နိုင်ငံရေးသို့ အင်ဒိုနီးရှားအစိုးရအသစ်နှင့် ရှေ့အလားအလာ

*------ ကိုကိုလှိုင် ------*

**နိဒါန်း**

အင်ဒိုနီးရှားနိုင်ငံသည် အရှေ့တောင်အာရှတွင် အကြီးဆုံးနှင့် လူဦးရေအများဆုံးနိုင်ငံဖြစ်ပြီး အိန္ဒိယသမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာတို့၏ စပ်ကြားနယ်မြေတွင် တည်ရှိသောကြောင့် အင်ဒို - ပစိဖိတ်ဒေသတွင် မဟာဗျူဟာအရ အချက်အချာကျသော နိုင်ငံလည်းဖြစ်သည်။ ပထဝီအနေအထားအရ ကျွန်းပေါင်း ၁၇၀၀၀ ဖြင့် ဖွဲ့စည်းထားသော ကျွန်းစုနိုင်ငံဖြစ်ပြီး ဘာသာစကား မျိုးကွဲပေါင်း ၇၁၉ မျိုးရှိသည့် အင်ဒိုနီးရှားနိုင်ငံသည် တစ်စုတစ်စည်းတည်း နိုင်ငံတစ်ခုအဖြစ်တည်ရှိရန် မည်မျှခက်ခဲမည်ကို မှန်းဆကြည့်နိုင်ပေသည်။ ဘာသာရေးအရလည်း အစ္စလာမ်၊ ခရစ်ယာန်၊ ဟိန္ဒူ၊ ဗုဒ္ဓဘာသာ၊ ကွန်ဖျူးရှပ်စ် စသည်ဖြင့် ယုံကြည်ကိုးကွယ်မှု မျိုးစုံလှသည်။

ထိုသို့ ကွဲပြားမှုများစွာရှိသည့် အကြားမှပင် စုစည်းညီညွတ်မှုရရှိနိုင်ရန် နိုင်ငံကို ၁၉၄၅ ခုနှစ်တွင် စတင်ထူထောင်ခဲ့သည့် ခေါင်းဆောင်များက အဓိကချမှတ်ဖော်ဆောင်ခဲ့သည့် လုပ်ငန်းကြီးသုံးရပ်ကို ယနေ့ထက်တိုင် လေးလေးစားစား ထိန်းသိမ်းထားကြသည်မှာ အံ့သြဖွယ်ဟုပင် ဆိုနိုင်သည်။ ယင်းလုပ်ငန်းကြီးသုံးရပ်မှာ နိုင်ငံ၏ ၁၉၄၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို လုံးလုံးလျားလျား ပယ်ဖျက်ပစ်ခြင်းမရှိဘဲ ပြင်ဆင်ချက်များ ပြုလုပ်၍သာ ယနေ့ထက်တိုင် အသုံးပြုလျက်ရှိခြင်း၊ အင်ဒိုနီးရှားနိုင်ငံအား လူမျိုး၊ ဘာသာ၊ စကား၊ ပထဝီအနေအထား ကွဲပြားမှုများစွာ ရှိသည့်တိုင်အောင် တစ်ပြည်ထောင်နိုင်ငံ (Unitary State) အဖြစ်သာ ထူထောင်ဖွဲ့စည်းထားခြင်းနှင့် သုံးစွဲသောဘာသာစကားကိုလည်း "ဘဟာဆာ အင်ဒိုနီးရှား" ဟု ခေါ်သော ရုံးသုံးဘာသာစကား တစ်မျိုးတည်းကိုသာ မသုံးစွဲမနေရပြဋ္ဌာန်းထားရှိပြီး လူတိုင်းတတ်မြောက်အောင် သင်ကြားထားစေခဲ့သဖြင့် နိုင်ငံသားချင်း ဆက်သွယ်ရာ၌ အခက်အခဲမရှိအောင် စီမံထားခြင်းတို့ ဖြစ်လေသည်။

ထပ်မံ၍ စိတ်ဝင်စားဖွယ်ကောင်းသည့်အချက်မှာ အင်ဒိုနီးရှားနိုင်ငံဖြစ်တည်လာသည့် ၁၉၄၅ ခုနှစ်မှ ယနေ့ကာလတိုင်အောင် နှစ်ပေါင်း ၈၀ နီးပါးရှိပြီဖြစ်သည့်တိုင်အောင် နိုင်ငံခေါင်းဆောင် သမ္မတရာထူး တာဝန်ထမ်းဆောင်သူများမှာ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့က ကျမ်းသစ္စာကျိန်ဆိုခဲ့သည့် သမ္မတ ပရာဘိုဝို ဆူဗျန်တို အပါအဝင်မှ ၈ ဦးမျှသာ ရှိနေသေးခြင်း ဖြစ်၏။

အထက်ပါအချက်များမှာ အင်ဒိုနီးရှားနိုင်ငံရေး ခေါင်းဆောင်အဆက်ဆက်၏ နိုင်ငံအုပ်ချုပ်မှုအတတ်ပညာ (Statecraft) နှင့် နိုင်ငံအုပ်ချုပ်ရေးဆိုင်ရာ ဒဿနအမြင်များကို ထင်ဟပ်လျက်ရှိပြီး နိုင်ငံရေးသိပ္ပံအမြင်ရှုထောင့်မှ လေ့လာဖို့ကောင်းလှသောအချက်များပင် ဖြစ်ပေသည်။

**အင်ဒိုနီးရှားနိုင်ငံရေးနောက်ခံ**

၁၉၄၅ ခုနှစ်တွင် ဒတ်ချ်ကိုလိုနီဘဝမှ ဂျပန်အကူအညီဖြင့် တစ်ဖက်သတ် လွတ်လပ်ရေးကြေညာကာ နိုင်ငံအဖြစ် စတင်ထူထောင်ခဲ့ချိန်မှစ၍ အင်ဒိုနီးရှားနိုင်ငံသည် နိုင်ငံရေးစနစ်နှင့် လမ်းစဉ်မူဝါဒအပြောင်းအလဲအမျိုးမျိုးအကြားမှ ဖြတ်သန်းလာခဲ့ရသည်။ ထိုသို့ ခေတ်အဆက်ဆက်နိုင်ငံရေးအပြောင်းအလဲများကို ကောင်းစွာသဘောပေါက်နားလည်နိုင်ရန်မှာ အင်ဒိုနီးရှားနိုင်ငံရေးတွင် ခေတ်အလိုက် အရေးပါသောနိုင်ငံရေးအင်အားစုများကို သိရှိထားရန် လိုအပ်ပေလိမ့်မည်။

နိုင်ငံဖြစ်တည်စ ကနဦးကာလတွင် အဓိကအင်အားအကြီးဆုံးအုပ်စုမှာ အင်ဒိုနီးရှားနိုင်ငံ၏ ပထမဆုံးသမ္မတနှင့် ဒုတိယသမ္မတဖြစ်လာကြမည့် ဆူကာနိုနှင့် ဟာတာတို့ဦးဆောင်သော အမျိုးသားရေးအင်အားစုဖြစ်သည်။ အမျိုးသားရေးအုပ်စုအပြင် အခြားအင်အားကြီးအုပ်စုမှာ ၁၉၄၂ ခုနှစ်မှစ၍ ဝင်ရောက်လာသည့် ဂျပန်တို့ အကူအညီဖြင့် အမိမြေကာကွယ်ရေးတပ်မတော်အဖြစ် ထူထောင်ခဲ့သည့် အင်ဒိုနီးရှားတပ်မတော်ဖြစ်သည်။ ယင်းတပ်မတော်သည် ၁၉၄၅ ခုနှစ် ဂျပန်တို့ စစ်ရှုံးဆုတ်ခွာချိန်တွင် ဝင်ရောက်လွှမ်းမိုးရန် ကြိုးစားခဲ့သည့် ဗြိတိသျှနှင့်ဒတ်ချ်တို့ကို တော်လှန်ခဲ့သည့် တပ်ဖွဲ့ဖြစ်ပြီး နောင်တွင် ဆူကာနို ကို ဆက်ခံသည့် သမ္မတဖြစ်လာမည့် ဗိုလ်ချုပ်ကြီး ဆူဟာတိုမှာ ဂျပန်စစ်ကျောင်းဆင်းအရာရှိတစ်ဦးဖြစ်သည်။

ထိုအင်အားစုနှစ်ခုအပြင် အင်ဒိုနီးရှား၌ လူဦးရေ၏ ၈၀ ရာခိုင်နှုန်းကျော် ကိုးကွယ်ကြသည့် အစ္စလာမ်ဘာသာရေး အင်အားစုကြီးကလည်း နိုင်ငံရေးတွင် အရေးပါသောအုပ်စုတစ်ခုဖြစ်သည်။ ထို့အပြင် ဒုတိယကမ္ဘာစစ်အပြီး၌ အင်အားတောင့်တင်းလာသည့် လက်ဝဲကွန်မြူနစ်အုပ်စုကလည်း ရှိနေပြန်သည်။

အထက်ပါ နိုင်ငံရေးအင်အားစုအားလုံး ကျေနပ်လက်ခံနိုင်သည့် နိုင်ငံရေးစနစ်မျိုးကို ရှာဖွေထုတ်ဖော်ချမှတ်နိုင်ရန်မှာ လွယ်ကူသည့်အလုပ်မဟုတ်ပေ။ ထို့ကြောင့် ဆူကာနိုက အင်ဒိုနီးရှားနိုင်ငံ စတင်ထူထောင်ချိန်တွင် "နိုင်ငံရေးပဉ္စသီလ" (Pantjasila) ဟု ထင်ရှားသော မူငါးချက်ကို ကြေညာခဲ့သည်။ ယင်းပဉ္စသီလငါးချက်မှာ တစ်ဆူတည်းသော ဘုရားသခင်ကို ယုံကြည်ခြင်း၊ တရားမျှတ၍ ယဉ်ကျေးသောလူ့အဖွဲ့အစည်း၊ အင်ဒိုနီးရှား အမျိုးသားစည်းလုံးညီညွတ်မှု၊ ဆွေးနွေးညှိနှိုင်းမှုဖြင့် ဒီမိုကရေစီတည်ဆောက်ခြင်းနှင့် နိုင်ငံသားအားလုံး လူမှုရေးအရ သာတူညီမျှမှုတို့ ဖြစ်သည်။

နိုင်ငံရေးအရ ကိုယ်ပိုင်ရပ်တည်မှုစတင်ခဲ့သည့် ၁၉၅၀ ပြည့်လွန်နှစ်များတွင် အင်ဒိုနီးရှားနိုင်ငံသည် ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့သည်။ ထိုကာလမှာ ကမ္ဘာပေါ်၌ အရှေ့အုပ်စုနှင့် အနောက်အုပ်စုအကြား စစ်အေးတိုက်ပွဲ ပြင်းထန်နေခိုက်ဖြစ်၍ အင်ဒိုနီးရှားတွင်လည်း စစ်အေးတိုက်ပွဲ၏ ဂယက်ရိုက်ခတ်မှုကို ခံခဲ့ရပြီး တည်ငြိမ်မှုကင်းမဲ့နေခဲ့သည်။ လက်နက်ကိုင်ဆူပူသောင်းကျန်းမှုများလည်း ပေါ်ပေါက်နေခဲ့ပြီး မြေပေါ်နိုင်ငံရေး ပါတီများအကြား၌လည်း စိတ်ဝမ်းကွဲပြားမှုများနှင့် မညီမညွတ်ဖြစ်နေခဲ့ရာ မကြာခဏ အစိုးရအဖွဲ့အပြောင်းအလဲများ ဖြစ်ပေါ်ခဲ့သည်။ ထို့ကြောင့် ၁၉၅၉ ခုနှစ်တွင် သမ္မတဆူကာနိုက လမ်းညွှန်ဒီမိုကရေစီ(Guided Democracy)ပုံစံကို ပြန်လည်ကျင့်သုံးခဲ့လေသည်။ လမ်းညွှန်ဒီမိုကရေစီကြောင့် သမ္မတထံတွင် အာဏာပိုမိုရရှိလာသကဲ့သို့ ဆူပူသောင်းကျန်းမှုများကို နှိမ်နင်းရသဖြင့် စစ်ဘောင်ကျယ်လာကာ အင်ဒိုနီးရှားတပ်မတော်၏ အခန်းကဏ္ဍမှာလည်း ပို၍အရေးပါလာခဲ့သည်။

တန်ခိုးသြဇာကြီးမားလာသော တပ်မတော်၏ အခန်းကဏ္ဍကို ထိန်းညှိနိုင်ရန် သမ္မတဆူကာနိုသည် ထိုစဉ်က မြေပေါ်၌ တရားဝင်တည်ရှိသော အင်ဒိုနီးရှားကွန်မြူနစ်ပါတီ (PKI) ဘက်သို့ အားပြုလာခဲ့သည်။ (ဆူကာနို၏ နိုင်ငံရေးအမြင်အရ Nasakom ခေါ် မဏ္ဍိုင်ကြီးသုံးရပ်ရှိရာ- အမျိုးသားရေး၊ ဘာသာတရားနှင့် ကွန်မြူနစ်ဝါဒ- တို့ ဖြစ်သည်။) ဆူကာနို၏ လက်ဝဲယိမ်းလာမှုက အနောက်အုပ်စုခေါင်းဆောင် အမေရိကန်ကို စိုးရိမ်မှုဖြစ်လာစေခဲ့သည်။ အင်ဒိုနီးရှားတပ်မတော်နှင့် အနောက်အုပ်စုတို့ ပိုမိုနီးကပ်သွားခဲ့သည်။

၁၉၆၅ ခုနှစ်တွင် တပ်မတော်အတွင်းရှိ လက်ဝဲလိုလားသူ အရာရှိတစ်စုက အင်ဒိုနီးရှားတပ်မတော်မှ ထိပ်တန်းအရာရှိကြီး ခြောက်ဦးကို ဖမ်းဆီးသတ်ဖြတ်လုပ်ကြံခဲ့ပြီး အာဏာသိမ်းရန် ကြိုးပမ်းခဲ့သည်။ ယင်းကြိုးပမ်းမှုကို မဟာဗျူဟာအထူးတပ်ဖွဲ့တပ်မှူးဖြစ်သည့် ဗိုလ်ချုပ်ကြီး ဆူဟာတိုက နှိမ်နင်းခဲ့ပြီး ဆူဟာတို၏သြဇာ ကြီးမားလာခဲ့သည်။ ၁၉၆၅-၆၆ ခုနှစ်များအတွင်း ယင်းအာဏာသိမ်းရန် ကြိုးပမ်းမှုကို အကြောင်းပြု၍ အင်ဒိုနီးရှားကွန်မြူနစ်ပါတီဝင်များနှင့် ပါတီထောက်ခံသူများကို အင်ဒိုနီးရှားတပ်မတော်က ဦးဆောင်၍ နှိမ်နင်းချေမှုန်းခဲ့ရာ လူပေါင်းလေးသိန်းမှ တစ်သန်းအကြား သေဆုံးခဲ့သည်ဟု ဆိုသည်။ ထိုမှနောက်ပိုင်းတွင် အင်ဒိုနီးရှားကွန်မြူနစ်ပါတီမှာ နိုင်ငံရေးမြင်ကွင်းမှ ပျောက်ကွယ်သွားခဲ့သည်။ သမ္မတ ဆူကာနိုမှာလည်း ၁၉၆၆ ခုနှစ်တွင် ဗိုလ်ချုပ်ကြီး ဆူဟာတိုထံ နိုင်ငံတော်အာဏာကို သမ္မတအမိန့်ဒီကရီဖြင့် လွှဲပြောင်းပေးခဲ့ရပြီး ၁၉၆၇ ခုနှစ်တွင် ဗိုလ်ချုပ်ကြီး ဆူဟာတိုသည် တရားဝင်သမ္မတအဖြစ် ခံယူခဲ့သည်။

**ဆူဟာတိုခေတ်နိုင်ငံရေး**

ဤတွင် သမ္မတ ဆူကာနို၏ ခေတ်စနစ်ဟောင်း "Old Order" (ပုံစံဟောင်း) ပြီးဆုံးသွားခဲ့ပြီး သမ္မတ ဆူဟာတို၏ ခေတ်သစ်စနစ်သစ် ပုံစံသစ် "New Order" စတင်ခဲ့လေသည်။ ဆူဟာတို၏ ပုံစံသစ်တွင် အင်ဒိုနီးရှားတပ်မတော်သည် ကာကွယ်ရေးသာမက နိုင်ငံရေးတာဝန်ကိုပါ ဝင်ရောက်ထမ်းဆောင်သည့် (Dwi-Fungsi) လုပ်ငန်းနှစ်ရပ်မူဝါဒကို ကျင့်သုံးခဲ့သည်။ နိုင်ငံရေးတွင် လူထုလူတန်းစားပေါင်းစုံပါဝင်သည့် ဂိုလ်ကာ(Golkar)ခေါ် တပ်ပေါင်းစုကို ဖန်တီးခဲ့သည်။ ပါတီစုံစနစ်ဟူသော အသွင်ကို ရယူရန်အတွက် လူနည်းစု ခရစ်ယာန်၊ ဟိန္ဒူနှင့် လူငယ်များပါဝင်သည့် PDI ခေါ် နိုင်ငံရေးပါတီတစ်ရပ်ကိုလည်း ထူထောင်ပေးခဲ့သည်။ ဆူဟာတိုခေတ် လွှတ်တော်တွင် အတိုက်အခံပါတီဟူ၍ မရှိ။ တပ်မတော် (ABRI) ကိုယ်စားလှယ်များက ကိုယ်စားလှယ် ၅၀၀ ရှိသော အောက်လွှတ်တော်တွင် ၇၅ နေရာကို ရယူထားသည်။ အစိုးရအဖွဲ့အတွင်း၌လည်း ဗဟိုမှစ၍ ရပ်ကွက်/ကျေးရွာ အဆင့်အထိ တပ်မတော်သားများ ပါဝင်နေခဲ့သည်။ ဤသို့ဖြင့် သမ္မတ ဆူဟာတို၏ လက်ထက်တွင် နိုင်ငံရေးတည်ငြိမ်အောင် ထိန်းထားနိုင်ခဲ့သည်။

ကာကွယ်ရေးနှင့်လုံခြုံရေးအပိုင်းတွင် အနောက်အုပ်စုအကူအညီဖြင့် သောင်းကျန်းမှု နှိမ်နင်းရေးကို ထိရောက်ပြင်းထန်စွာ အင်အားသုံးလုပ်ဆောင်ခဲ့သည်။ စီးပွားရေးအပိုင်းတွင်လည်း အမေရိကန် ဘာကလေတက္ကသိုလ်ဘွဲ့ရ စီးပွားရေးပညာရှင်များ (ဘာကလေအုပ်စု)ကို တာဝန်ပေး၍ ဈေးကွက်စီးပွားရေးစနစ်ကို အထိန်းအကွပ်ဖြင့် အောင်မြင်အောင် ဖော်ဆောင်နိုင်ခဲ့သည်။ ဆူဟာတိုလက်ထက်တွင် အင်ဒိုနီးရှားနိုင်ငံသည် ဆင်းရဲတွင်းမှ ရုန်းထွက်နိုင်ခဲ့ပြီး၊ စီးပွားရေးကောင်းမွန်လာခဲ့သည်။ (စီးပွားရေးကောင်းမွန်လာမှုနှင့်အတူ အကျင့်ပျက်ခြစားမှုကလည်း ကျယ်ပြန့်လာခဲ့လေသည်။)

သို့ရာတွင် ၁၉၉၀ ပြည့်လွန်နှစ်များ၌ စစ်အေးတိုက်ပွဲပြီးဆုံးသွားခဲ့ပြီးနောက် ဂလိုဘယ်လိုက်ဇေးရှင်းနှင့် အနောက်တိုင်း ယဉ်ကျေးမှုစံနှုန်းတန်ဖိုးများ ထိုးဖောက်စိမ့်ဝင်ပျံ့နှံ့လာခြင်း၊ ၁၉၉၇ ခုနှစ်တွင် ရာသီဥတုဖောက်ပြန်မှုနှင့် အရှေ့တောင်အာရှ စီးပွားပျက်ကပ်တို့ကို တစ်ဆက်တည်း ခံစားခဲ့ရမှုကြောင့် အင်ဒိုနီးရှားနိုင်ငံ အနှံ့အပြား၌ စီးပွားရေးအကျပ်အတည်းပြင်းထန်စွာ ခံစားခဲ့ရခြင်းတို့ပေါင်းစပ်ကာ နိုင်ငံရေးမတည်ငြိမ်မှုများ ပြင်းထန်စွာ ဖြစ်ပေါ်လာခဲ့ပြီး ၁၉၉၈ ခုနှစ်တွင် သမ္မတ ဆူဟာတို အာဏာလက်လွှတ်လိုက်ရစေသည်။ Reformasi (ရီဖော်မာစီ) ခေါ် နိုင်ငံရေးပြုပြင်ပြောင်းလဲရေးလှုပ်ရှားမှု ပေါ်ပေါက်လာခဲ့တော့သည်။

**ရီဖော်မာစီ ပြုပြင်ပြောင်းလဲရေး**

နှစ်ပေါင်း ၃၀ ကျော် အာဏာရယူထားသည့် သမ္မတ ဆူဟာတို ခေတ်ကုန်ဆုံးသွားပြီးနောက် တည်ငြိမ်နေခဲ့သည့် အင်ဒိုနီးရှားနိုင်ငံရေးကို ပုံစံသစ်တစ်ခုအဖြစ် ဒီမိုကရေစီသို့ ဦးတည်ပြုပြင်ပြောင်းလဲရာတွင် အောင်မြင်မှုများရှိခဲ့သလို မတည်ငြိမ်မှုများလည်း ပြင်းထန်စွာ ဖြစ်ပေါ်ခဲ့လေသည်။ ထူးခြားသောအောင်မြင်မှုမှာ အင်ဒိုနီးရှားတပ်မတော်

"နိုင်ငံရေးအရ ကိုယ်ပိုင်ရပ်တည်မှုစတင်ခဲ့သည့် ၁၉၅၀ ပြည့်လွန်နှစ်များတွင် အင်ဒိုနီးရှားနိုင်ငံသည် ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့သည်။ ထိုကာလမှာ ကမ္ဘာပေါ်၌ အရှေ့အုပ်စုနှင့် အနောက်အုပ်စုအကြား စစ်အေးတိုက်ပွဲပြင်းထန်နေခိုက်ဖြစ်၍ အင်ဒိုနီးရှားတွင်လည်း စစ်အေးတိုက်ပွဲ၏ ဂယက်ရိုက်ခတ်မှုကို ခံခဲ့ရပြီး တည်ငြိမ်မှုကင်းမဲ့နေခဲ့သည်။ လက်နက်ကိုင်ဆူပူသောင်းကျန်းမှုများလည်း ပေါ်ပေါက်နေခဲ့ပြီး မြေပေါ်နိုင်ငံရေးပါတီများအကြား၌လည်း စိတ်ဝမ်းကွဲပြားမှုများနှင့် မညီမညွတ်ဖြစ်နေခဲ့ရာ မကြာခဏ အစိုးရအဖွဲ့အပြောင်းအလဲများဖြစ်ပေါ်ခဲ့သည်။ ထို့ကြောင့် ၁၉၅၉ ခုနှစ်တွင် သမ္မတဆူကာနိုက လမ်းညွှန်ဒီမိုကရေစီ(Guided Democracy)ပုံစံကို ပြန်လည်ကျင့်သုံးခဲ့လေသည်။ လမ်းညွှန်ဒီမိုကရေစီကြောင့် သမ္မတထံတွင် အာဏာပိုမိုရရှိလာသကဲ့သို့ ဆူပူသောင်းကျန်းမှုများကို နှိမ်နင်းရသဖြင့် စစ်ဘောင်ကျယ်လာကာ အင်ဒိုနီးရှားတပ်မတော်၏အခန်းကဏ္ဍမှာလည်း ပို၍အရေးပါလာခဲ့သည် "

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

(ယခု အခါ TNI အဖြစ် ပြောင်းလဲဖွဲ့စည်းထား)သည် နိုင်ငံရေးကဏ္ဍမှ အေးချမ်းစွာစွန့်လွှတ် ဆုတ်ခွာပေးခဲ့ခြင်းဖြစ်သည်။ အပြန်အလှန်အဖြစ် အင်ဒိုနီးရှားနိုင်ငံရေးခေါင်းဆောင်များကလည်း အင်ဒိုနီးရှားတပ်မတော်ကို အစစအရာရာ လိုလေသေးမရှိအောင် ပံ့ပိုးထောက်ပံ့ပေးခဲ့သည်။

မတည်ငြိမ်မှုများမှာမူ နိုင်ငံရေးအင်အားစုပါတီများအကြား အားပြိုင်မှုပြင်းထန်လာခဲ့ခြင်းကြောင့်ဖြစ်၏။ အဓိကအားဖြင့် အမျိုးသားရေးအင်အားစု၊ အစ္စလမ္မစ်ဘာသာရေးအုပ်စုနှင့် ဒီမိုကရက်တစ်ပြုပြင်ပြောင်းလဲရေးအုပ်စုတို့အကြား အားပြိုင်မှုဖြစ်သည်။

ဂိုလ်ကာပါတီဦးဆောင်သော အမျိုးသားရေးအုပ်စုသည် လူထုအုံကြွမှုကြောင့် အာဏာစွန့်လွှတ်လိုက်ရလင့်ကစား နိုင်ငံအုပ်ချုပ်ရေးအတွေ့အကြုံနှင့် နိုင်ငံအနှံ့ ဖြန့်ကြက်တည်ဆောက်ထားသောပါတီ၏ အင်အားတို့ကြောင့် အားကြီးနေဆဲဖြစ်၏။ သမ္မတ ဆူဟာတိုက ဂိုလ်ကာကိုအားပြု၍ နိုင်ငံရေးအာဏာကို အဆင်ပြေချောမွေ့စွာ လွှဲပြောင်းနိုင်ရေးအတွက် သူ၏ ဒုတိယသမ္မတဖြစ်သူ ဟာဘီဘီကိုကြားဖြတ်သမ္မတအဖြစ် လက်လွှဲပေးခဲ့သော်လည်း နိုင်ငံရေးလှိုင်းတံပိုးက ပြင်းထန်လှသောကြောင့် ဟာဘီဘီသည် တစ်နှစ်အတွင်းမှာပင် ရာထူးမှဆင်းပေးခဲ့ရပြီး ၁၉၉၉ ခုနှစ်တွင် ဘာသာရေးအုပ်စုမှ အဗ္ဗဒူရာမန်ဝါဟစ် (ခေါ်) ဂူစ်ဒူး တက်လာခဲ့သည်။ အသက်အရွယ်ကြီးရင့်ပြီး မျက်စိမမြင်သော ဝါဟစ်သည်လည်း နိုင်ငံကို အုပ်ချုပ်နိုင်စွမ်းမရှိသဖြင့် ၂၀၀၁ ခုနှစ်တွင် သမ္မတဟောင်း ဆူကာနို၏ သမီး PDI-P ခေါင်းဆောင် မီဂါဝတီ ဆူကာနိုပူထရီကို လွှဲပြောင်းပေးလိုက်ရပြန်သည်။ မီဂါဝတီ၏ PDI-P မှာ လူထုအုံကြွဆူပူမှုတွင် တက်ကြွစွာပါဝင်ခဲ့ပြီး မီဂါဝတီကိုယ်တိုင်မှာလည်း နိုင်ငံဖခင်ကြီး၏ သမီးဖြစ်၍ အများက အထင်ကြီးမျှော်လင့်ခဲ့ကြသော်လည်း မှန်းချက်နှင့် နှမ်းထွက် မကိုက်ခဲ့ပေ။ မီဂါဝတီ၏ လက်ထက်တွင် ဆူမတြားမြောက်ဘက် အာချေးဒေသမှ ခွဲထွက်ရေး လက်နက်ကိုင် သောင်းကျန်းမှုမှာ အရှိန်ပြင်းထန်လာခဲ့သည်။ အစ္စလမ္မစ်အစွန်းရောက်အကြမ်းဖက်အုပ်စုများက လူ ၂၀၀ ကျော် သေဆုံးသော ဘာလီ ညကလပ်ဗုံးခွဲမှုအပါအဝင် အကြမ်းဖက်မှုများကို အကြိမ်ကြိမ်ပြုလုပ်ခဲ့ကြသည်။ စီးပွားရေးမှာလည်း ကျဆင်းနေခဲ့သည့်အပြင် မီဂါဝတီအစိုးရမှာလည်း အကျင့်ပျက်ခြစားမှုများနှင့် နာမည်ပျက်နေသည့်အတွက် ၂၀၀၄ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် သူ၏ အစိုးရအဖွဲ့အတွင်းမှ လုံခြုံရေးဝန်ကြီးဟောင်း ဗိုလ်ချုပ်ကြီး ဆူစီလို ဘန်ဘန်း ယူဒိုယိုနိုကို ရှုံးနိမ့်သွားခဲ့ရသည်။

**“ SBY ဟု အတိုကောက်ခေါ်ဝေါ်ကြသည့် သမ္မတယူဒိုယိုနိုသည် အင်ဒိုနီးရှားနိုင်ငံသမိုင်းတွင် ပထမဆုံးလွတ်လပ်စွာယှဉ်ပြိုင်သည့် သမ္မတရွေးကောက်ပွဲ၌ ရွေးကောက်တင်မြှောက်ခံရသည့်သမ္မတဖြစ်သည်။ SBY အနေဖြင့် အာချေးဒေသတွင် ၂၀၀၄ ခုနှစ်၌ ဖြစ်ပွားခဲ့သည့် ဆူနာမီရေဘေးကို အောင်မြင်စွာကိုင်တွယ်ဖြေရှင်းနိုင်သကဲ့သို့ အာချေးငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုလည်း အောင်မြင်စွာအဆုံးသတ်ပေးနိုင်ခဲ့သည်။ နိုင်ငံစီးပွားရေးကိုလည်း အောင်မြင်စွာပြန်လည်ဆွဲတင်ပေးနိုင်ခဲ့ပြီး နိုင်ငံရေးတည်ငြိမ်မှုကိုလည်း ထိန်းသိမ်းပေးနိုင်ခဲ့သည်။ စစ်ဘက်-အရပ်ဘက်ဆက်ဆံရေးကိုလည်း ပိုမိုကောင်းမွန်အောင် တည်ဆောက်ပေးခဲ့သည်။ SBY သည် အင်ဒိုနီးရှားဒီမိုကရေစီခေတ်ဦးတွင် သမ္မတသက်တမ်း ၅ နှစ် နှစ်ဆက်၊ ၁၀ နှစ်ကြာအောင် တာဝန်ထမ်းဆောင်ခဲ့ရသော ရွေးကောက်ခံသမ္မတဖြစ်ခဲ့သည် ”**

SBY ဟု အတိုကောက် ခေါ်ဝေါ်ကြသည့် သမ္မတ ယူဒိုယိုနိုသည် အင်ဒိုနီးရှားနိုင်ငံ သမိုင်းတွင် ပထမဆုံး လွတ်လပ်စွာယှဉ်ပြိုင်သည့် သမ္မတ ရွေးကောက်ပွဲ၌ ရွေးကောက်တင်မြှောက်ခံရသည့် သမ္မတဖြစ်သည်။ SBY အနေဖြင့် အာချေးဒေသတွင် ၂၀၀၄ ခုနှစ်၌ ဖြစ်ပွားခဲ့သည့် ဆူနာမီရေဘေးကို အောင်မြင်စွာကိုင်တွယ်ဖြေရှင်းနိုင်သကဲ့သို့ အာချေးငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုလည်း အောင်မြင်စွာ အဆုံးသတ်ပေးနိုင်ခဲ့သည်။ နိုင်ငံစီးပွားရေးကိုလည်း အောင်မြင်စွာပြန်လည်ဆွဲတင်ပေးနိုင်ခဲ့ပြီး နိုင်ငံရေးတည်ငြိမ်မှုကိုလည်း ထိန်းသိမ်းပေးနိုင်ခဲ့သည်။ စစ်ဘက်-အရပ်ဘက် ဆက်ဆံရေးကိုလည်း ပိုမိုကောင်းမွန်အောင် တည်ဆောက်ပေးခဲ့သည်။ SBY သည် အင်ဒိုနီးရှားဒီမိုကရေစီခေတ်ဦးတွင် သမ္မတ သက်တမ်း ၅ နှစ် နှစ်ဆက်၊ ၁၀ နှစ်ကြာအောင် တာဝန်ထမ်းဆောင်ခဲ့ရသော ရွေးကောက်ခံသမ္မတဖြစ်ခဲ့သည်။

**သမ္မတ ဂျိုကိုဝီ**

SBY ၏ သမ္မတ ၁၀ နှစ် သက်တမ်းတွင် နိုင်ငံရေးဇာတ်ဆောင်အသစ်များ စတင်ပေါ်ထွက်လာခဲ့သည်။ SBY ၏အောင်မြင်မှုကို အားကျ၍ အဆင့်မြင့်အရာရှိဟောင်းများ ဖြစ်ကြသည့် ပရာဘိုဝို ဆူဗျန်တို၊ ဗိုလ်ချုပ်ကြီး ဟာတိုနိုစသူတို့သည် ကိုယ်ပိုင်နိုင်ငံရေးပါတီများ ထောင်ကာ နိုင်ငံရေးနယ်ပယ်သို့ ဝင်ရောက်လာခဲ့ကြသည်။ အလားတူပင် အရပ်သားများထဲမှ ထင်ပေါ်လာသူမှာ ဂျိုကိုဝီဒိုဒို (ဂျိုကိုဝီ) ဖြစ်သည်။ မူလက အောင်မြင်သည့် ပရိဘောဂလုပ်ငန်းပိုင်ရှင်အဖြစ် အသက်မွေးဝမ်းကျောင်းခဲ့သူ ဂျိုကိုဝီသည် ၂၀၀၅ ခုနှစ်တွင် မွေးဇာတိဖြစ်သည့် ဂျာဗားကျွန်းရှိ ဆူရာဘာတာမြို့ကလေး၏ မြို့တော်ဝန်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရပြီး နိုင်ငံရေးနယ်ပယ်သို့ ရောက်ရှိလာခဲ့သည်။ ဂျိုကိုဝီအနေဖြင့် နာမည်ကြီးအဆင့်မြင့် စစ်ဘက်အရာရှိဟောင်းကြီးများကဲ့သို့ နိုင်ငံရေးအသိုက်အဝန်း ကျောထောက်နောက်ခံများစွာ မရှိသည့်အတွက် မီဂါဝတီ၏ PDI-P ပါတီလက်မှတ်ဖြင့် ဝင်ရောက်အရွေးခံခဲ့ခြင်းဖြစ်သည်။ ဂျိုကိုဝီ၏ရိုးဖြောင့်၍ ချိုသာစွာပြောဆိုတတ်မှု၊ အောက်ခြေ လူတန်းစားများနှင့် လက်ပွန်းတတီး ရင်းနှီးစွာ ရောနှောဆက်ဆံပြီး အများပြည်သူတို့၏ လိုအပ်ချက်များကို အလေးထားဖြည့်ဆည်းတတ်မှုကြောင့် မြို့နေလူထုက ဂျိုကိုဝီကို များစွာသဘောကျထောက်ခံခဲ့ကြပြီး ဒုတိယအကြိမ် မြို့တော်ဝန်ရွေးကောက်ပွဲ၌ အပြတ်အသတ် အနိုင်ရခဲ့ပြန်သည်။ ထို့အပြင် မီဒီယာခေတ်ဖြစ်၍ ဂျိုကိုဝီ၏ ဂုဏ်သတင်းမှာ ပျံ့နှံ့သွားခဲ့ပြီး နိုင်ငံအတွင်း/အပြင်တို့၌ လူသိများလာသည်။ ကမ္ဘာ့အထူးချွန်ဆုံး မြို့တော်ဝန်စာရင်း၌ တတိယနေရာ ရရှိခဲ့သည်။ PDI-P ပါတီကလည်း ဂျိုကိုဝီကို ထင်ပေါ်၍ စင်တော်ကောက်ခဲ့လေရာ ၂၀၁၂ ခုနှစ် ဂျာကာတာမြို့တော်ဝန် ရွေးကောက်ပွဲ၌ ပါတီ၏ ကိုယ်စားပြု၍ ဝင်ရောက် ယှဉ်ပြိုင်စေခဲ့သည်။ ဇာတာစန်းလက်တက်လာသည့် ဂျိုကိုဝီသည် ဂျာကာတာမြို့တော်ဝန်ရွေးကောက်ပွဲ၌လည်း အနိုင်ရခဲ့ပြန်ရာ အထွတ်အထိပ်သို့ ရောက်ရှိရန် လမ်းပွင့်သွားခဲ့လေတော့သည်။

၂၀၁၄ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် SBY သည် သမ္မတ သက်တမ်းနှစ်ဆက် ပြည့်သွား၍ ဆက်လက်ပါဝင်ယှဉ်ပြိုင်၍ မရတော့ပေ။ သူ၏ ဒီမိုကရေစီပါတီ PD မှာလည်း အကျင့်ပျက်ခြစားမှု အပုပ်နံ့များကြောင့် ပါလီမန်ရွေးကောက်ပွဲ၌ အခြေအနေမကောင်းတော့ဘဲ လူကြိုက်နည်းလာသည်။ သို့ဖြစ်ရာ ၂၀၁၄ ခုနှစ် သမ္မတ ရွေးကောက်ပွဲတွင် အဓိက ပြိုင်ဘက်နှစ်ပါတီအဖြစ် ဂျိုကိုဝီကိုသမ္မတလောင်းအဖြစ် ရွေးချယ်ခဲ့သော PDI-P ပါတီနှင့် ပရာဘိုဝို၏ ဂျယ်ရင်ဒရာ(Gerindra) (Great Indonesia Movement) ပါတီတို့သာ ပေါ်ထွက်ခဲ့သည်။ ထိုပြိုင်ပွဲ၌ အကျင့်ပျက်ခြစားမှု သတင်းဆိုးမရှိဘဲ လူချစ်လူခင်များပြားသူ ဂျိုကိုဝီအား ယခင်သမ္မတဟောင်း ဆူဟာတို၏ သမက်ဖြစ်ပြီး တပ်မတော်၌ တာဝန်ထမ်းဆောင်စဉ်က အရှေ့တီမောတွင် ဆန္ဒပြကျောင်းသားများကိုပစ်ခတ်ရန် အမိန့်ပေးခဲ့မှုကြောင့် နာမည်ပျက်ရှိခဲ့သော ပရာဘိုဝိုက မယှဉ်နိုင်ဘဲ အရေးနိမ့်သွားခဲ့သည်။

ရိုးဂုဏ်တစ်ခုဖြင့် တောနယ်ကျေးလက်မှ သမ္မတအဆင့် တက်ဖြစ်လာသူ ဂျိုကိုဝီအနေဖြင့် ကျယ်ပြန့်ရှုပ်ထွေးလှသော သမ္မတတာဝန်များကို ထမ်းဆောင်ရန်မှာ လိုအပ်ချက်များစွာရှိခဲ့သည်။ ထို့အပြင် လွှတ်တော်အတွင်း၌လည်း ပရာဘိုဝို၏ ဂျယ်ရင်ဒရာပါတီ (တပ်မတော်အင်အားစု)၊ အစဉ်အလာရှိခဲ့သော ဂိုလ်ကာ(အုပ်စု)နှင့် PPP(အစ္စလမ္မစ်အုပ်စု)တို့ စုပေါင်း၍ သမ္မတဂျိုကိုဝီ၏ အာဏာရ (PDI-P) ပါတီထက်ပို၍ အင်အားတောင့်တင်းနေခြင်းကိုလည်း ရင်ဆိုင်ခဲ့ရသည်။ စင်စစ်၌ PDI-P ပါတီသည်ပင်လျှင် ဂျိုကိုဝီ၏ ကိုယ်ပိုင်ပါတီ မဟုတ်ပေ။ သမ္မတဟောင်း ဆူကာနို၏သမီး မီဂါဝတီ၏ ပါတီဖြစ်သည်။ မီဂါဝတီအနေဖြင့် ဂျိုကိုဝီကို စင်တင်ပေးခဲ့သည့်တိုင်အောင် သူ၏ PDI-P ပါတီကိုမူ ဂျိုကိုဝီလက်ထဲသို့ ထိုးအပ်လိုခြင်း မရှိခဲ့ပေ။ ထို့ကြောင့် ပါတီခေါင်းဆောင် မီဂါဝတီနှင့် သမ္မတဂျိုကိုဝီတို့အကြား ဆက်ဆံရေးမှာ များစွာနွေးထွေးခြင်း မရှိခဲ့ပေ။

သို့ဖြစ်ရာ သမ္မတ ဂျိုကိုဝီအနေဖြင့် သူ၏ လူကြိုက်များမှုနှင့် လူထုထောက်ခံမှုကို အားပြု၍ နိုင်ငံရေးကွန်ရက်၊ အဆက်အသွယ်၊ ခြေကုပ်များကို ထူထောင်ခဲ့ရသည်။ သူ၏ အစိုးရအဖွဲ့အတွင်း အရေးပါသော ဘဏ္ဍာရေး၊ စီးပွားရေးဆိုင်ရာ နေရာဌာနများတွင် ကျွမ်းကျင်သူ တက္ကနိုခရက်များကို တာဝန်ပေးခဲ့သည်။ နိုင်ငံခြားရေးဝန်ကြီးနေရာတွင် ဝါရင့် သံတမန်တစ်ဦးဖြစ်ပြီး အထူးသဖြင့် အနောက်အုပ်စုနိုင်ငံများနှင့် ရင်းနှီးကျွမ်းဝင်သော ရက်တနိုမာဆူဒီအား ခန့်အပ်ခဲ့သည်။ စစ်ဘက်ကျောထောက်နောက်ခံမရှိခဲ့သော ဂျိုကိုဝီသည် အရပ်ဘက် - စစ်ဘက်ဆက်ဆံရေး ကောင်းမွန်ပြေလည်စေရေးအတွက် ကာကွယ်ရေး၊ လုံခြုံရေးနှင့် သက်ဆိုင်သောကိစ္စရပ်များတွင် စစ်ဘက်အရာရှိကြီးများကိုသာ လွှဲအပ်တာဝန်ပေးခဲ့သည်။ ဂျိုကိုဝီ၏ ပထမအစိုးရသက်တမ်း (၂၀၁၄-၂၀၁၉) ၌ ကာကွယ်ရေးဝန်ကြီးမှာ ယခင် အင်ဒိုနီးရှားတပ်မတော် ကြည်းတပ်ဦးစီးချုပ်ဟောင်း ရီယာမီဇတ် ရီယာကူဒူးဖြစ်ပြီး ဒုတိယအစိုးရသက်တမ်း (၂၀၁၉-၂၀၂၄) တွင် ယင်း၏နိုင်ငံရေးပြိုင်ဘက်ဖြစ်သူ ပရာဘိုဝို ဆူဗျန်တိုဖြစ်သည်။ ထို့အပြင် အင်ဒိုနီးရှားတပ်မတော်အတွင်း၌ သြဇာရှိသူ အရာရှိကြီးများ၏ အဆက်အနွယ်များကိုလည်း နေရာပေးမြှောက်စားခဲ့၏။ ဥပမာအားဖြင့် ဂျိုကိုဝီနှင့် စီးပွားဘက်လည်းဖြစ်ခဲ့သော အငြိမ်းစားဒုတိယဗိုလ်ချုပ်ကြီး လူဟွတ်ဘင်ဆာ ပန်ဂျိုင်တန်မှာ ဂျိုကိုဝီ၏ ဒုတိယသက်တမ်းတွင် ရေကြောင်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးဝန်ကြီးအဖြစ် ခန့်ထားခြင်းခံခဲ့ရပြီး လူဟွတ်၏ သမက်တော်စပ်သူမှာ သမ္မတ၏ လုံခြုံရေးတပ်ဖွဲ့အကြီးအကဲအဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။ အင်ဒိုနီးရှားအမျိုးသားထောက်လှမ်းရေးအဖွဲ့ အကြီးအကဲ ဗိုလ်ချုပ်ကြီး ဟန်ဒရို (ငြိမ်း)၏ သမက်ဖြစ်သူ ဗိုလ်ချုပ်ကြီး အန်ဒီကာ ပါကာဆာမှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အဖြစ် ခန့်အပ်ခြင်းခံရသည်။

စင်စစ်၌ ဂျိုကိုဝီ၏ ဒုတိယသက်တမ်းရွေးကောက်ပွဲတွင် အဓိက ပြိုင်ဘက်ဖြစ်ခဲ့သော ဗိုလ်ချုပ်ပရာဘိုဝို (ငြိမ်း)ကို ဒုတိယသက်တမ်းကာလတွင် ကာကွယ်ရေးဝန်ကြီး ရာထူးပေးခဲ့ခြင်းမှာ ဂျိုကိုဝီ၏ နိုင်ငံရေးအရင်းအနှီးစုဆောင်းသည့် ခြေ့ကွက်တစ်ခုဟု ဆိုနိုင်သည်။ ပရာဘိုဝိုသည် နန်းစဉ်နိုင်ငံရေးအရ သမ္မတဟောင်း ဆူဟာတို၏ သမက်ဖြစ်ခဲ့ပြီး စစ်ဘက်ကျောထောက်နောက်ခံရှိသူလည်း ဖြစ်သည်။ ထို့အပြင် အစ္စလမ္မစ်အဖွဲ့ချုပ် (OIC) မှ အဓိက အာရပ်နိုင်ငံများနှင့်လည်း ခင်မင်ရင်းနှီးသူဖြစ်သည်။ လစ်ဘရယ်ဆန်သော ဂျိုကိုဝီနှင့် OIC နိုင်ငံများ၏ဆက်ဆံရေးမှာ ပရာဘိုဝိုလောက် နွေးထွေးမှုမရှိလှပေ။ သို့ဖြစ်၍ ပရာဘိုဝိုကို အိတ်ထဲသို့ ထည့်လိုက်ခြင်းမှာ ဂျိုကိုဝီအတွက် ကြီးမားသောနိုင်ငံရေးအမြတ်ထွက်မှု ဖြစ်လေသည်။

*(ဆက်လက်ဖော်ပြပါမည်။)*

**❐ ဂျိုကိုဝီ၏ ဒုတိယသက်တမ်းရွေးကောက်ပွဲတွင် အဓိကပြိုင်ဘက်ဖြစ်ခဲ့သော ဗိုလ်ချုပ်ပရာဘိုဝို (ငြိမ်း)ကို ဒုတိယသက်တမ်းကာလတွင် ကာကွယ်ရေးဝန်ကြီးရာထူးပေးခဲ့ခြင်းမှာ ဂျိုကိုဝီ၏နိုင်ငံရေးအရင်းအနှီးစုဆောင်းသည့် ခြေ့ကွက်တစ်ခုဟု ဆိုနိုင်သည်။ ပရာဘိုဝိုသည် နန်းစဉ်နိုင်ငံရေးအရ သမ္မတဟောင်း ဆူဟာတို၏ သမက်ဖြစ်ခဲ့ပြီး စစ်ဘက်ကျောထောက်နောက်ခံရှိသူလည်း ဖြစ်သည်။ ထို့အပြင် အစ္စလမ္မစ်အဖွဲ့ချုပ် (OIC)မှ အဓိက အာရပ်နိုင်ငံများနှင့်လည်း ခင်မင်ရင်းနှီးသူဖြစ်သည်။ လစ်ဘရယ်ဆန်သော ဂျိုကိုဝီနှင့် OIC နိုင်ငံများ၏ဆက်ဆံရေးမှာ ပရာဘိုဝိုလောက် နွေးထွေးမှုမရှိလှပေ။ သို့ဖြစ်၍ ပရာဘိုဝိုကို အိတ်ထဲသို့ ထည့်လိုက်ခြင်းမှာ ဂျိုကိုဝီအတွက် ကြီးမားသောနိုင်ငံရေးအမြတ်ထွက်မှု ဖြစ်လေသည်**

# (၂၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုချီးမြှင့်

ထားဝယ် အောက်တိုဘာ ၂၆

**(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို အောက်တိုဘာ ၂၅ ရက်က ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက (၂၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးက အဆိုဘာသာရပ်၊ မဟာဂီတ၊ ကာလပေါ်တေး၊ ခေတ်ဟောင်းတေး၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်တေးသီချင်းများကဏ္ဍတွင် ၁၈ ဦး၊ အက ဘာသာရပ်တွင် ၇၀၊ အရေးဘာသာရပ်တွင် သုံးဦး၊ အတီးဘာသာရပ်တွင် ၃၅ ဦး ပြိုင်ပွဲဝင် စုစုပေါင်း ၁၂၆ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း၊ ဆုတံဆိပ်အနေဖြင့် ရွှေတံဆိပ်ဆု ခြောက်ခု၊ ငွေတံဆိပ်ဆု လေးခု၊ ကြေးတံဆိပ်ဆု ၁၀ ခု၊ နှစ်သိမ့်ဆု သုံးခု၊ ဂုဏ်ပြုဆု တစ်ခု စုစုပေါင်းဆု ၂၄ ခု ရရှိခဲ့ကြောင်း၊ တိုင်းဒေသ ကြီး၊ ပြည်နယ်အဆင့်တွင် အဆင့် ၉ ရရှိခဲ့သောကြောင့် တိုင်းဒေသကြီးအနေဖြင့် ဂုဏ်ယူဝမ်းမြောက် ကျေနပ်မိကြောင်း၊ ပြိုင်ပွဲတွင် ဝိုင်းဝန်းပြီး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော အနုပညာရှင်များ၊ မျိုးဆက်သစ်ပညာရှင်များ၊ ဆုရပြိုင်ပွဲဝင်များ၊ ဆုရရှိအောင် ကြိုးစားခဲ့သူများ၊ ဆုမရရှိခဲ့သော်လည်း အတတ်နိုင်ဆုံး ကြိုးစားယှဉ်ပြိုင်ခဲ့ကြသော ပြိုင်ပွဲဝင်များအား တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကျေနပ်အားရဝမ်းမြောက်မိကြောင်း၊ အုပ်ချုပ်သူများ၊ ပံ့ပိုးသူများ၊ ခရီးစဉ်တစ်လျှောက် အဆင်ပြေချောမွေ့အောင် စီစဉ်ဆောင်ရွက်ပေးသည့် အဖွဲ့များအား ကျေးဇူးတင်ကြောင်း ပြောကြားသည်။

ထို့နောက် အောင်နိုင်ရေးကော်မတီအဖွဲ့ဝင် ဦးအောင်ကျော်ကျော်ဦးက ကြိုတင်ပြင်ဆင် ဆောင်ရွက်မှုများနှင့် ပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ထားဝယ်တိုင်းရင်းသားရိုးရာ အကပြိုင်ပွဲတွင်ရရှိသော ဂုဏ်ပြုဆုဒိုင်းအား တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက(ဗဟိုအဆင့်)ပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် ပြိုင်ပွဲဝင်များအား ထပ်ဆင့်ဂုဏ်ပြုငွေကျပ် နှစ်သိန်း၊ ဒုတိယ ငွေကျပ် တစ်သိန်းခွဲ၊ တတိယ ငွေကျပ် တစ်သိန်း၊ နှစ်သိမ့်ဆု ကျပ် ခုနစ်သောင်းခွဲ၊ ထားဝယ်တိုင်းရင်းသားရိုးရာအကအဖွဲ့အား ထပ်ဆင့်ဂုဏ်ပြုငွေကျပ် နှစ်သိန်းနှင့် ထားဝယ်ဒေသခံလုပ်ငန်းရှင်များက ပြိုင်ပွဲဝင်များအား ဂုဏ်ပြုငွေကျပ် သိန်း ၅၀ ကို ပေးအပ်ချီးမြှင့်ပြီး ပြိုင်ပွဲဝင်များကိုယ်စား ထားဝယ်တိုင်းရင်းသားရိုးရာအကအဖွဲ့ အတီးခေါင်းဆောင် ပုသိမ်ဦးထွန်းထွန်းနိုင်က ကျေးဇူးတင်စကားပြောကြားကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## တစ်လ နှစ်ကြိမ် ကံစမ်းနိုင်မည့် အောင်ဘာလေအွန်လိုင်းထီပုံစံသစ်ကို စိတ်ဝင်စားသူ များပြားနေသဖြင့် (ဃ) အက္ခရာကို ထပ်တိုးထား

**ရန်ကုန် အောက်တိုဘာ ၂၆**

တစ်လနှစ်ကြိမ် ကံစမ်းနိုင်မည့် အောင်ဘာလေအွန်လိုင်းထီ ပုံစံသစ်ကို စိတ်ဝင်စားသူ များပြားနေကာ (ဃ)အက္ခရာကိုလည်း ထပ်တိုးထားကြောင်း မေးမြန်းထားသည့် အချက်အလက်များအရ သိရသည်။




5 Digits အောင်ဘာလေအွန်လိုင်းထီ ကြော်ငြာအား တွေ့ရပုံ။

5 Digits အောင်ဘာလေ အွန်လိုင်းထီသည် အက္ခရာတစ်လုံးနှင့် ဂဏန်းငါးလုံးထီအား ကံစမ်းရမည့် ထီအမျိုးအစားဖြစ်ကာ ထီဖွင့်ပွဲကို လတစ်လ၏ နှစ်ရက်နှင့် ၁၆ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ပြီး နှစ်ပတ်လျှင် တစ်ကြိမ် ဖွင့်လှစ်ပေးသွားမည်ဖြစ်သည်။

ထို့အပြင် ဆတိုးထီဆုကြီးလည်းပါဝင်ကာ အဆိုပါထီဆုမှာ အမြင့်ဆုံးထီဆုအတွက် ထီနံပါတ်ကို ကံထူးရှင်ထွက်ပေါ်လာသည်ဖြစ်စေ၊ မထွက်ပေါ်လာသည်ဖြစ်စေ သုံးကြိမ်အများဆုံး ဖွင့်လှစ်မည်ဖြစ်ပြီး သုံးကြိမ်ဖွင့်လှစ်ပြီးနောက် ကံထူးရှင် မထွက်ပေါ်လာပါက အဆိုပါထီဆုကြေးငွေအား နောက်တစ်ကြိမ် ထီဖွင့်ပွဲတွင် ပေါင်းထည့်ပေးမည်ဖြစ်သည့်အတွက် ထီဆုငွေ ဆတိုး တက်သွားမည်ဖြစ်ကာ အဆိုပါ ကံစမ်းမှုမျိုးကို ခြောက်ကြိမ်အထိပြုလုပ်ပေးမည်ဖြစ်သောကြောင့် ငွေတစ်ထောင်ကျပ်ဖြင့်ဝယ်ပြီး သိန်းပေါင်းများစွာ ကံထူးနိုင်မည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ 5 Digits အွန်လိုင်းထီကနေပြီးတော့ ထီဝါသနာရှင်များ ပိုမိုကံစမ်းနိုင်ရန်အတွက် " ဃ" အက္ခရာတစ်လုံး ထပ်တိုး ပေးထားပါကြောင်း သတင်းကောင်းပါးရင်းနဲ့ 5 Digits အောင်ဘာလေအွန်လိုင်းထီ ပထမဆုံးအကြိမ်ရဲ့ ဆတိုးဆုကံထူးရှင်ဖြစ်နိုင်ပြီမို့ အခုပဲ ထီကံစမ်းပြီး စိတ်ကူးအိပ်မက်တွေ အကောင်ထည်ဖော်လိုက်ကြစို့နော်" ဟု အောင်ဘာလေ အွန်လိုင်းထီက လူမှုကွန်ရက် ဖေ့စ်ဘုတ်စာမျက်နှာတွင် ကြေညာထားသည်။

ထို့ပြင် ယခုလအတွက် အွန်လိုင်းထီလက်မှတ်များလည်း သိပ်မကျန်တော့သည့် အတွက် လာရောက်ကံစမ်းရန် ဖိတ်ခေါ်ထားသည်။

"အရင်ကတော့ ရိုးရိုးထီထိုးတာပေါ့။ အခုက ကိုယ်ကြိုက်တဲ့ဂဏန်း ရွေးချယ်ထိုးလို့ရတဲ့ အွန်လိုင်းထီကို ကံစမ်းဖြစ်ပါတယ်။ တချို့ကလည်း မသိကြသေးဘူး။ အွန်လိုင်းထီက အချိန်ကုန်သက်သာတယ်။ တစ်လ နှစ်ကြိမ်ဆိုတော့ အခွင့်အရေးလည်းများတယ်" ဟု ပုဇွန်တောင်မြို့နယ်ရှိ ထီပုံမှန်ကံစမ်းသူ ဦးလှမြင့်က ဆိုသည်။ MT

## ကန်ကြီးထောင့်မြို့နယ်အတွင်း မီးဘေးအသိပညာပေးပိုစတာစိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေ

**ကန်ကြီးထောင့် အောက်တိုဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးဌာနက ကြီးမှူး၍ မြို့နယ်အတွင်း ပွင့်လင်းရာသီတွင် မီးလောင်မှု/



မီးလန့်မှုများ မဖြစ်စေရေးအတွက် မီးဘေးအသိပညာပေးပိုစတာ စိုက်ထူခြင်းကို ယနေ့ နံနက်ပိုင်းက အမှတ်(၁)ရပ်ကွက် ဘောလုံးကွင်းဟောင်းအနီးတွင် ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်အောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးမြင့်စိုးနှင့်အဖွဲ့များ၊ ဌာနဆိုင်ရာများက အမှတ်(၁)ရပ်ကွက် ဘောလုံးကွင်းဟောင်းအနီးတွင် မီးဘေးအသိပညာပေးပိုစတာကို စိုက်ထူခဲ့ကြပြီး အမွှေးနံ့သာရည်များ ဖျန်းပက်ကြသည်။

ထို့နောက် အဆိုပါပူးပေါင်းအဖွဲ့များက လမ်းသွား၊ လမ်းလာပြည်သူများအား "မီးလောင်မှုဖြစ်ပွားသည့်အခါ ဆောင်ရွက်ရမည့်နည်းလမ်းများ၊ မီးသတ်ဦးစီးဌာနသို့ ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ၊ မီးလောင်ခြင်း၊ မီးသတ်ဆေးအသုံးပြုပုံ" စသည့် အကြောင်းအရာပါ အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## အွန်လိုင်းမှတစ်ဆင့်တွေ့သည့် စာအုပ်များကို လူငယ်များ ဝယ်ယူဖတ်ရှုသည့်ဓလေ့ ထွန်းကားလာ

**ရန်ကုန် အောက်တိုဘာ ၂၆**

အွန်လိုင်းမှတစ်ဆင့်တွေ့သည့် စာအုပ်များကို လူငယ်များ ဝယ်ယူဖတ်ရှုသည့်ဓလေ့ ထွန်းကားလာကြောင်း စာအုပ်ရောင်းဝယ်ရေး ဈေးကွက်အတွင်း မေးမြန်းထားချက်အရ သိရသည်။

လက်ရှိ စာဖတ်နှုန်းတိုးလာသည့် လူငယ်များအကြားတွင် နောက်ပိုင်းထွက်ရှိလာသော စာအုပ်များကို ဝယ်ယူဖတ်ရှုသူများလာကြောင်းလည်း သိရသည်။

"အခုနောက်ပိုင်း လူငယ်တွေက စိတ်ဝင်စားတာတွေ့ရတယ်။ နောက်ပိုင်းပေါ်တဲ့ စာအုပ်အသစ်လေးတွေပေ့ါ။ ပြီးတော့ ကလေးတွေက သိန်းဖေမြင့်တို့၊ ဘာတို့တောင် သူတို့ကမသိတော့ဘူး။ ရှေ့က လူတွေပဲ သိကြတယ်။ ကျန်တဲ့လူတွေက မသိကြတော့ဘူး။ နာမည်ကြီးတဲ့ပုဂ္ဂိုလ်တော်တော်များများကို မသိကြတော့ဘူး။ မြသန်းတင့် သိမယ်။ ဂျူးသိမယ်။ တက္ကသိုလ်ဘုန်းနိုင်ကို သိမယ်။ ကျန်တဲ့ ရှေ့က လူတော်တော်များများကို မသိကြတော့ဘူး။ နောက်ကပေါ်လာတဲ့ ဟာမျိုးကို သူတို့က လိုက်ရှာပြီးဖတ်ကြတယ်။ ဖတ်တဲ့သူတွေတော့ ပုံမှန်လာပြီး ရှာဖွေဖတ်ကြတယ်။ ဖေ့စ်ဘုတ်မှာ နာမည်တစ်လုံးတက်လိုက်ပြီဆိုတာနဲ့ ဒီမှာလာရှာကြတယ်။ စာအုပ်ကုန်သွားလောက်အောင်ကို လာရှာကြတယ်"ဟု ကျောက်တံတားမြို့နယ်ရှိ စိုးပိုင်စာပေမှ ဆိုင်ရှင်က ပြောသည်။

ထို့ပြင် စာအုပ်ဈေးကွက်၌ စာအုပ်အဟောင်းဈေးနှုန်းများစွာ မတက်သော်လည်း စာအုပ်အသစ်များဈေးကောင်းနေကြောင်းလည်း သိရသည်။

"စာအုပ်အဟောင်းဈေးကွက်မှာတော့ အများကြီးတက်လို့မရပေမယ့် အသစ်ဈေးကွက်မှာတော့ တော်တော်တက်တယ်။ စာမျက်နှာ တစ်ရာကျော်လောက်ရှိတဲ့စာအုပ်ဆို အသစ်ဈေးကွက်မှာ တစ်အုပ် တစ်သောင်းလောက်ထိကို တင်ထားတယ်။ အသစ်ဈေးကွက်က ဈေးအတော်ကောင်းပေမယ့် စက္ကူဈေးနဲ့တွက်ရင် အဲဒီလောက်မကျပါဘူး။ ထုတ်လုပ်မှုဈေးတက်တယ်ဆိုပြီး တင်ထားကြတာ တွေ့ရတယ်။ စာအုပ်ဈေးရောင်းပွဲတော်တွေကတော့ တချို့အကြီးကြီးတွေကတော့ ရန်ကုန်ထဲမှာ ပျောက်နေတယ်။ ဒါပေမယ့် စာအုပ်ဈေးရောင်းပွဲ အသေးလေးတွေကို စူပါမားကတ်တွေမှာတော့ သုံးလေးငါးယောက်နဲ့ ဈေးရောင်းပွဲတော်တွေကတော့လုပ်နေကြပါတယ်"ဟု ၎င်းက ဆိုသည်။

**Thit Taw**



ယမန်နှစ်များက ပြုလုပ်ခဲ့သည့် စာအုပ်ဈေးရောင်းပွဲတော်တစ်ခုအား တွေ့ရစဉ်။

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ရွှေတိဂုံစေတီတော်မြတ်ကြီး (၃၆)ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်းရက်လုပ်ကပ်လှူပူဇော်ပွဲအခမ်းအနား ကျင်းပမည်



**ရန်ကုန် အောက်တိုဘာ ၂၆**

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူး၍ တန်ဆောင်မုန်းလ အဖိတ်နေ့နှင့် လပြည့်နေ့တို့တွင် (၃၆)ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ကပ်လှူပူဇော်ပွဲ အခမ်းအနားနှင့် သာမညဖလ အခါတော်နေ့ အခမ်းအနားများကို သတ်မှတ်နေရာ အသီးသီး၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

တန်ဆောင်မုန်းလ အဖိတ်နေ့ (၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁၄ ရက်) ညနေ ၄ နာရီတွင် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ၊ ဗုဒ္ဓဝေယျာဝစ္စအသင်းအဖွဲ့များ၊ ဝန်ထမ်းများနှင့် ရက်ကန်းပြိုင်ပွဲဝင်အဖွဲ့များက စေတီတော်ရင်ပြင်တောင်ဘက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်းရှေ့ စုရပ်မှ စေတီတော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ်လှည့်လည်ပူဇော်ပြီး ရာဟုထောင့်အောင်မြေတွင် ရက်ကန်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပသွားမည်ဖြစ်သည်။

### ရွှေကြာသင်္ကန်းတော်များ ညတွင်းချင်းအပြီးချုပ်လုပ်

ယင်းနောက် ည ၁၀ နာရီတွင် ရက်ကန်းပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနား ကျင်းပပြုလုပ်၍ ဆုရရှိသည့် ရက်ကန်းစင်တော်များအလိုက် ဆုချီးမြှင့်ခြင်း၊ ရရှိလာသော ပိတ်သားများကို ရွှေကြာသင်္ကန်းတော်များအဖြစ် ညတွင်းချင်း အပြီးချုပ်လုပ်ခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်သည်။

တန်ဆောင်မုန်းလပြည့်နေ့ ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁၅ ရက် နံနက် ၄ နာရီတွင် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ၊ ဗုဒ္ဓဝေယျာဝစ္စအသင်းအဖွဲ့များ၊ ဝန်ထမ်းများ၊ ရက်ကန်းပြိုင်ပွဲဝင်အဖွဲ့များက ရွှေကြာသင်္ကန်းတော်များ ကိုင်ဆောင်လျက် စေတီတော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ် လှည့်လည်ပူဇော်၍ အာရုံခံမုခ်ဦးများအတွင်းရှိ ပွင့်တော်မူပြီးသော ဘုရားရှင်လေးဆူတို့၏ ရုပ်ပွားတော်များ၊ အထက်ပစ္စယာရှိ ပတ္တမြားမျက်ရှင်ရုပ်ပွားတော်နှင့် သတ်မှတ်တန်ဆောင်းများအတွင်းရှိ ရုပ်ပွားတော်များအား မသိုးရွှေကြာသင်္ကန်းများ လှည့်လည်ပူဇော်ကပ်လှူသွားမည်ဖြစ်သည်။

### လာရောက်ကုသိုလ်ပြုလှူဒါန်းနိုင်

နံနက် ၅ နာရီတွင် ရင်ပြင်တော်တောင်ဘက် ဆွဲ့ခံတန်ဆောင်း၌ အရဏ်ဆွမ်းတော်ကြီး ကပ်လှူပူဇော်ခြင်း၊ နံနက် ၅ နာရီခွဲတွင် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများအား အရဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် နံနက် ၆ နာရီတွင် ဆရာတော်ကြီးများထံမှ သာမညဖလအခါတော်နေ့ဆိုင်ရာ တရားတော်များ နာကြား၍ ပြုခဲ့သောကုသိုလ်ကောင်းမှု အစုစုတို့အတွက် ရေစက်ချ အနုမောဒနာအခမ်းအနားများ ကျင်းပပြုလုပ်သွားမည်ဖြစ်၍ သဒ္ဓါကြည်လင် ပါရမီရှင်အပေါင်းတို့ လာရောက်ကုသိုလ်ပြုလှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်ထားသည်။

ထို့အပြင် တန်ဆောင်မုန်းလ အဖိတ်နေ့တွင် ညအိပ်ကုသိုလ်ပြုမည့် ဘုရားဖူးပြည်သူများအနေဖြင့် ရင်ပြင် တော်တောင်ဘက်ရှိ လုံခြုံ/မီးသတ်ဌာနရုံးခန်းနှင့် သတ်မှတ်တန်ဆောင်းများတွင် ညအိပ်ဆွဲ့စာရင်းတိုင်ကြားနိုင်ရေးအတွက် နိုင်ငံသားစိစစ်ရေးကတ်များ ယူဆောင်လာကြပါရန်နှင့် လုံခြုံရေးအရ စစ်ဆေးမှုများကို ပူးပေါင်းကူညီဆောင်ရွက်ခြင်းဖြင့် ကုသိုလ်ယူကြပါရန် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က မေတ္တာရပ်ခံထားရှိကြောင်း သိရသည်။

**ဇော်မင်းလတ်(MNA)**

# ရွှေပြည်သာမြို့နယ်ရှိ စက်ရုံအလုပ်ရုံများ၌ သင်ထောက်ကူပြုမော်တော်ယာဉ်ဖြင့် အသိပညာပေးဆွေးနွေး



**ရွှေပြည်သာ အောက်တိုဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၌ အလုပ်သမားဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ သင်ထောက်ကူပြု မော်တော်ယာဉ်ဖြင့် လုပ်ငန်းခွင်အရောက် အလုပ်သမားဥပဒေပါ ရပိုင်ခွင့်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ အသိပညာပေးဆွေးနွေးပွဲကို မြို့နယ်အတွင်းရှိ စက်ရုံ လေးရုံ၌ ယမန်နေ့က ကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲကို ရွှေပြည်သာမြို့နယ် ဝါးတရာစက်မှုဇုန်ရှိ Rong Da Garment Co.,Ltd. အထည်ချုပ်စက်ရုံ၌လည်းကောင်း၊ Cheung Hing Myanmar သိုးမွေးထိုးစက်ရုံ၌ လည်းကောင်း၊ Style & Smart Co.,Ltd.အထည်ချုပ်စက်ရုံ၌ လည်းကောင်း၊ GTIG Hubo Co.,Ltd. အထည်ချုပ်စက်ရုံ၌လည်းကောင်း ပြုလုပ်ဆောင်ရွက်ခဲ့ကြရာ အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းကိုကိုနှင့် ဦးစီးအရာရှိ ဦးသန်းထွန်းဇော်တို့က အလုပ်သမားဥပဒေပါ ရပိုင်ခွင့်များ၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

**ဉာဏ်လင်း**

# ဖြူးမြို့နယ်၌ မိုးစပါးအထွက်နှုန်း သိရှိစေရေး စံကွက်ရိတ်သိမ်း



**ဖြူး အောက်တိုဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ မိုးစပါး အထွက်နှုန်း သိရှိစေရေးအတွက် မင်းကံရိုးကျေးရွာအုပ်စု ဒိုင်းတရာကျေးရွာရှိ တောင်သူ ဦးဘီဂျေးကူးမား၏ ကွင်းအမှတ် (၂၆၂-ဂ)၊ ဦးပိုင် အမှတ်(၃၀/၁)၊ ဆင်းသုခမျိုး မိုးစပါးစိုက်ခင်း ရှစ်ဧကကို ၀ ဒသမ ၁၀ဧက စံကွက်ထား၍ အောက်တိုဘာ ၂၆ ရက်က တာဝန်ရှိသူများ စံကွက်ရိတ်သိမ်းရာ တစ်ဧက အထွက်နှုန်း အစိုတင်း ၁၃၁ ဒသမ ၇၀ တင်း ထွက်ရှိသည်။

ထိုသို့ စံကွက်ရိတ်သိမ်းရာတွင် မြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှူး ကော်မတီဥက္ကဋ္ဌ ဦးစောမင်းသူနှင့် အဖွဲ့ဝင်များ၊ ကျေးရွာအနီးပတ်ဝန်းကျင်ကျေးရွာများမှ စိုက်ပျိုးရေး တောင်သူများ ကြည့်ရှုလေ့လာကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# သမဝါယမအသင်းသားပြည်သူများသို့ ဆန်နှင့်မြေပဲဆီသန့်များ ဖြန့်ဖြူးရောင်းချ

**ရန်ကုန် အောက်တိုဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီးအတွင်း သမဝါယမအရောင်းဆိုင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်၍ စဉ်ဆက်မပြတ်လုပ်ငန်းများ လည်ပတ်နိုင်စေရန်နှင့် စားသုံးသူအသင်းသားပြည်သူများ အခြေခံစားကုန်များကို ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချနိုင်စေရန် ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန၏ ပေါင်းစပ်ညှိနှိုင်းချက်အရ မြန်မာနိုင်ငံ ဆန်ကုန်သည်ကြီးများအသင်းမှ ပေါ်ဆန်း ၂၄ ပြည်ပါ ဆန်အိတ် ၆၇၀ တန်ဖိုးငွေကျပ် ၉၈၄ ဒသမ ၇၀၀ သိန်းနှင့် ပခုက္ကူဒေသထွက် မြေပဲဆီသန့် ၄၃၂ ပိဿာ တန်ဖိုးငွေကျပ် ၈၈ ဒသမ ၅၆၀ သိန်း စုစုပေါင်း ငွေကျပ် ၁၀၇၃ ဒသမ ၂၆၀ သိန်းကို ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ သမဝါယမအသင်းသားများနှင့် အများပြည်သူများသို့ ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေသွေးဂျာနယ် ထွက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၆**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၂၆ -၁၀-၂၀၂၄ ရက်(စနေနေ့)တွင် ထွက်ရှိသည့် ရွှေသွေးဂျာနယ် အတွဲ (၅၆)၊ အမှတ် (၄၃) ၌ သူငယ်ချင်းအပေါ် မဆင်မခြင်၊ အထင်အမြင်သေးစွာ ပြုမူခဲ့မိသည့်အတွက် နောင်တရသွားသည့် အကြောင်း သရုပ်ဖော်ထားသည့် “ညီမလေးအတွက်” မျက်နှာဖုံးကာတွန်း၊ အစားကို မဆင်မခြင်စားမိ၍ ဗိုက်နာကာ ဆေးခန်းသွားပြရသည့် ဖြိုးရဲအကြောင်း သရုပ်ဖော်ထားသည့် “တွေးတောဆင်ခြင်မှု” နှစ်မျက်နှာကာတွန်း၊ ဒုက္ခရောက်နေသော ခွေးလေးကို စေတနာ၊ မေတ္တာထားကာ ပြုစုစောင့်ရှောက်ပေးသည့်အတွက် အကျိုးခံစားရသည့် အဘိုးအိုနှင့် အဘွားအိုတို့အကြောင်း ရေးသားထားသည့် “စေတနာ့ကံ” ပုံပြင်ကဏ္ဍ။

ဦးကေဇော်က ပညာရပ်တစ်ခုကို ဆရာ များထံတွင် စနစ်တကျ လေ့လာသင်ယူသင့်ကြောင်း ချစ်မွေ့အား ပြောပြထားသည်ကို သရုပ်ဖော်ထားသည့် “ပညာဟူကကြိုးစားရ” တစ်မျက်နှာကာတွန်း၊ အချိန်ကို တန်ဖိုးထား၍ အကျိုးရှိစွာ အသုံးချ တတ်သည့် မောင်အောင်အကြောင်း ရေးသားထားသည့် “အချိန်၏ တန်ဖိုး” ဝတ္ထုကဏ္ဍ၊ စကိတ်စီးရင်း ဒဏ်ရာရသွားသည့် ဖိုးဇော် အကြောင်း သရုပ်ဖော်ထားသည့် “ဘေးရန်ကင်း” နှစ်မျက်နှာကာတွန်း၊ စာဖတ်ဝါသနာပါသော မျိုးမျိုးနှင့် စာမဖတ်ဘဲ ပုံပြင်နားထောင်ရသော ထူးထူးတို့အကြောင်း သရုပ်ဖော်ထားသည့် “ထူးထူးပါဝင်သော ပုံပြင်” နှစ်မျက်နှာကာတွန်း။

ဥစ္စာ၊ ပညာ၊ ဂုဏ်ဒြပ်တို့သည် လူ၏ တန်ဖိုးမဟုတ်ဘဲ ရိုးသား၍ ကိုယ်ကျင့်တရား စောင့်ထိန်းမှသာ တန်ဖိုးရှိသောလူဖြစ်မည်ဖြစ်ကြောင်း ရေးဖွဲ့ထားသည့် “လူ့တန်ဖိုး” ကဗျာကဏ္ဍ၊ ဆရာ သိလိုသည်ကို မေးထားရာတပည့်က ဟာသဖြင့် ပြန်လည်ဖြေဆိုထားသည့်အကြောင်း သရုပ်ဖော်ထားသည့် “ဖိုးဂျီ” မျက်နှာဝက် ကာတွန်း၊ သုတကဏ္ဍ၊ အင်္ဂလိပ်စာသင်ခန်းစာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍ၊ ဝတ္ထုကဏ္ဍနှင့် ပုံပြင်ကဏ္ဍ အပါအဝင် ကဏ္ဍစုံလင်စွာ ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး၌ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ဗဟိုအဆင့်)တွင် ဆုရရှိခဲ့သူများအား ထပ်ဆင့်ဂုဏ်ပြု




**ရန်ကုန် အောက်တိုဘာ ၂၆**

(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ဗဟိုအဆင့်)တွင် ဆုရရှိခဲ့သူများအား ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဇနီးတို့ တက်ရောက်ချီးမြှင့်သည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြုဆုတံဆိပ်အသီးသီးဆွတ်ခူးရရှိသော ပြိုင်ပွဲဝင်များက "အောင်စေပိုင်စေ" တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ပြီး (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ သွားရောက်ယှဉ်ပြိုင်ခဲ့သည့် မှတ်တမ်းကို Video Clip ဖြင့် ပြသသည်။

ဆက်လက်၍ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရန်ကုန်တိုင်းဒေသကြီးကျင်းပရေး ဦးစီးကော်မတီနာယက ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးငွေအောင်က ပြိုင်ပွဲအတွေ့အကြုံများကို ရှင်းလင်းတင်ပြပြီး ဗဟိုအဆင့်တွင်ထူးချွန်ဆုရရှိသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ် **(ဝဲပုံ)**၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

---

# ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးနှင့် သီးနှံအလိုက် ပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး



**ပဲခူး အောက်တိုဘာ ၂၆**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ဦးဆောင်၍ တိုင်းဒေသကြီး အတွင်း စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် သီးနှံအလိုက် ပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်ရေး လုပ်ငန်း ညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၆/၂၀၂၄) ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက သဘာဝ ဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဧကများအတွက် ပြန်လည်ကုစားနိုင်ရေး ဆောင်းသီးနှံနှင့် နွေစပါးရာသီတွင် ပြန်လည်တိုးချဲ့စိုက်ပျိုးသွားရမည်ဖြစ်ကြောင်း၊ သီးထပ်စွမ်းအား တိုးတက်ရေးအတွက် စိုက်ပျိုးရေရရှိရေးကို နည်းလမ်းပေါင်းစုံဖြင့် ပံ့ပိုးကူညီပေးသွားမည်ဖြစ်၍ ရရှိနိုင်သည့် ရေအရင်းအမြစ်များ ဖော်ထုတ်သွားရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း အဓိက သီးနှံ ၁၀ မျိုးကို စံပြစိုက်ကွက် ၃၆၇၁၁ ဧက ဖော်ထုတ်သွားမည်ဖြစ်၍ ယခုအချိန်ကတည်းက ကြိုတင်ပြင်ဆင်ခြင်းများ ဆောင်ရွက်သွားရမည်ဖြစ်သည့်အပြင် စံပြကွက်များအလိုက် စိုက်နည်းစနစ် ဆိုင်းဘုတ်များ တပ်ဆင်ရမည်ဖြစ်ကြောင်း ပြောကြားသည်။**(ယာပုံ)**

ထို့နောက် ခရိုင် / မြို့နယ် စိုက်ပျိုးရေး ဦးစီးမှူးများက မြို့နယ်တစ်ခုချင်းအလိုက် အဓိကသီးနှံ ၁၀ မျိုး စိုက်ပျိုးထွက်ရှိမှု၊ မိုးစပါးရိတ်သိမ်းထွက်ရှိမှု၊ ဆောင်းသီးနှံစိုက်ချဲ့စိုက်ပျိုးမည့် အစီအစဉ်နှင့် စံပြစိုက်ခင်းဆောင်ရွက်သွားမည့် အစီအမံများကို အသေးစိတ်ရှင်းလင်းတင်ပြခဲ့မှုအပေါ် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူးက သီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းပြည့်မီကျော်လွန်ရေးဆောင်ရွက်ရမည့် နည်းလမ်းများအား သုံးသပ်တင်ပြခဲ့သည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက တင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်း ပြောကြားခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ခရိုင်/မြို့နယ် စိုက်ပျိုးရေး ဦးစီးမှူးများ၏ တင်ပြချက်နှင့်ပတ်သက်ပြီး မြို့နယ်တစ်ခုချင်းအလိုက် လိုအပ်သည်များ အသေးစိတ် မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

---



# ဆေးရုံတက်ရောက်ကုသလျက်ရှိသော အရာရှိစစ်သည်များကို ချင်းပြည်နယ်ဝန်ကြီးချုပ် ထောက်ပံ့ငွေများပေးအပ်

**ဟားခါး အောက်တိုဘာ ၂၆**

ချင်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန်သည် အောက်တိုဘာ ၂၆ ရက် နံနက်ပိုင်းက စစ်ဗျူဟာအခြေချ (ဟားခါး) တပ်နယ်အမှတ် (၁) နယ်လှည့်စစ်မြေပြင်ဆေးတပ်စု ခုတင် ၂၀ တွင် ဆေးရုံတက်ရောက် ကုသလျက်ရှိသော အရာရှိစစ်သည်များအား ကြည့်ရှုအားပေးပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

ရှေးဦးစွာ ချင်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်နှင့်အတူ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မိုးဟိန်း၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သိန်းထွန်းအောင်၊ လူမှုရေးရာဝန်ကြီး ဦးဝင်းဇော်ဦးနှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးအောင်ချိုတို့က စစ်ဗျူဟာအခြေချ (ဟားခါး) တပ်နယ်အမှတ် (၁) နယ်လှည့်စစ်မြေပြင်ဆေးတပ်စု ခုတင် ၂၀ တွင် ဆေးရုံတက်ရောက် ကုသနေသော အရာရှိစစ်သည်များအား ထောက်ပံ့ငွေများ ပေးအပ်ပြီး ကြည့်ရှုအားပေး စကားပြောကြားသည်။ ထို့နောက် စစ်ဗျူဟာအခြေချ(ဟားခါး) တပ်နယ်အမှတ် (၁) နယ်လှည့်စစ်မြေပြင် ဆေးတပ်စု ခုတင် ၂၀ မှ ဆရာဝန်များက ဆေးရုံတက်ရောက်ကုသနေသော အရာရှိစစ်သည်တစ်ဦးချင်းစီ၏ ကျန်းမာရေးအခြေအနေကို အသေးစိတ်ရှင်းပြခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က လက်ဆောင်များ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

---

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း (ကလောခရိုင်)လမ်းပိုင်း ပြုပြင်နေမှု ကြည့်ရှုစစ်ဆေး

**တောင်ကြီး အောက်တိုဘာ ၂၆**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်သည် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်၊ တာဝန်ရှိသူများနှင့်အတူ သဘာဝဘေးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း(ကလောခရိုင်) လမ်းပိုင်း ပြုပြင်နေမှုကို အောက်တိုဘာ ၂၆ ရက်က ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီး နယ်စပ်ရှိ နယ်ခြားဆိုင်းဘုတ်သို့ ရောက်ရှိကြည့်ရှုစစ်ဆေးပြီး နယ်ခြားဆိုင်းဘုတ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး၊ ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရေး ပြင်ဆင်ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေတိုက်စားသဖြင့် လမ်းသားပဲ့ကျ ပျက်စီးခဲ့သော မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း (ကလောခရိုင်)လမ်းပိုင်း မိုင်တိုင်အမှတ် ၅၄/၄၊ ၅၄/၅၊ ၅၅/၁၊ ၅၅/၂၊ ၅၇/၆-နှင့် ၆၆/၀ တို့တွင် စက်ယန္တရားများဖြင့် လမ်းပြုပြင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသူရဇော်နှင့် ကလောခရိုင်လမ်းဦးစီးဌာနမှ ဦးစီးမှူး ဒေါ်စောစန္ဒာသိန်းတို့က လမ်းပိုင်းများပြုပြင်ဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**



# အီရန်အပေါ် အစ္စရေး၏ တိုက်ခိုက်မှုကို ပါကစ္စတန် ရှုတ်ချ

**အစ္စလာမ္မာဘတ် အောက်တိုဘာ ၂၆**

အီရန်နိုင်ငံအပေါ် အစ္စရေး၏ တိုက်ခိုက်မှုကို ပါကစ္စတန်က ရှုတ်ချကြောင်း ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီးဌာနက အောက်တိုဘာ ၂၆ ရက်တွင် ထုတ်ပြန်သည်။

အီရန်အစ္စလာမ္မစ်သမ္မတနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေပိုင်ဆိုင်မှုကို အစ္စရေးက ဆန့်ကျင်တိုက်ခိုက်ခြင်းသည် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းနှင့် နိုင်ငံတကာဥပဒေကို ဆိုးရွားစွာ ချိုးဖောက်ခြင်းဖြစ်သည်ဟု ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

အဆိုပါ တိုက်ခိုက်မှုများသည် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ထိခိုက်စေပြီး မငြိမ်းချမ်းသည့် ဒေသများအတွင်း အန္တရာယ်ပိုမို တိုးမြှင့်လာမှုကို ဖြစ်ပေါ်စေခဲ့ကြောင်း၊ အစ္စရေးသည် လက်ရှိ ပဋိပက္ခများ ဖြစ်ပေါ်လာမှုနှင့်စပ်လျဉ်း၍ အပြည့်အဝ တာဝန်ရှိကြောင်း ပြောကြားသည်။

နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းရန်အတွက် ဒေသတွင်း၌ အစ္စရေး၏ မဆင်မခြင် ပြုမူမှုများကို ရပ်တန့်သွားအောင် ချက်ချင်း လုပ်ဆောင်ရန် ကုလသမဂ္ဂ လုံခြုံရေးကောင်စီကို တောင်းဆိုကြောင်းနှင့် ဒေသတွင်း တည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံတကာအသိုင်းအဝိုင်းက ပါဝင်ဆောင်ရွက်ရန်လည်း တောင်းဆိုကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

အစ္စရေးနိုင်ငံသည် အောက်တိုဘာ ၂၆ ရက် နံနက်အစောပိုင်းက အီရန်ရှိ စစ်ဘက်ပစ်မှတ်များကို တိုက်ခိုက်ခဲ့ကြောင်း အစ္စရေးကာကွယ်ရေးတပ်ဖွဲ့က ပြောကြားသည်။ အီရန်နိုင်ငံမှ တိုက်ခိုက်မှုများကို လက်တုံ့ပြန်သည့်အနေဖြင့် အီရန်ရှိ ပစ်မှတ်နေရာအများအပြားကို အစ္စရေးတိုက်လေယာဉ်များဖြင့် လေကြောင်းတိုက်ခိုက်မှုကို ပြုလုပ်ရာ ဒုံးကျည်ထုတ်လုပ်သည့် အဆောက်အအုံများ၊ မြေပြင်မှ ဝေဟင်ပစ် ဒုံးကျည်များနှင့် အီရန်လေကြောင်းရန်ကာကွယ်ရေးစခန်းများကို ထိမှန်ခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အက်ဖ်-၃၅၊ အက်ဖ်-၁၆ နှင့် အက်ဖ်-၁၅ အပါအဝင် တိုက်လေယာဉ် အများအပြားဖြင့် အီရန်ရှိ စစ်ဘက်ဆိုင်ရာ ပစ်မှတ် ၂၀ ကို တိုက်ခိုက်ခဲ့ကြောင်း အစ္စရေးအစိုးရပိုင် ကန်တီဗွီသတင်းက ဖော်ပြသည်။ အလားတူ အောက်တိုဘာ ၂၆ ရက်တွင် ဆီးရီးယားနိုင်ငံ တောင်ပိုင်းနှင့် အလယ်ပိုင်းဒေသများရှိစစ်ဘက်ဆိုင်ရာနေရာများကို အစ္စရေးတပ်ဖွဲ့များက လေကြောင်းတိုက်ခိုက်မှုများ ဆက်တိုက် ပြုလုပ်ခဲ့ ကြောင်း ဆီးရီးယားကာကွယ်ရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။ **ဆင်ဟွာ**



အီရန်ပစ်မှတ်များကို အစ္စရေးတိုက်ခိုက်မှု ပြုလုပ်စဉ်။




ပဋိပက္ခဖြစ်ပွားမှုများကြောင့် မြို့တော်ခါတွန်၌ မီးခိုးလုံးများ လွင့်တက်လာမှုကို တွေ့ရစဉ်။

## ဆူဒန်၌ ပဋိပက္ခဖြစ်ပွားမှုကြောင့် သေဆုံးသူ အနည်းဆုံး ၄၈၈၂ ဦးရှိ

**ခါတွန် အောက်တိုဘာ ၂၆**

၂၀၂၃ ခုနှစ် ဧပြီ ၁၅ ရက်တွင် ဆူဒန်တပ်မတော် (အက်စ်အေအက်ဖ်) နှင့် အမြန်ထောက်ပံ့ရေး အင်အားစု (အာရ်အက်စ်အက်ဖ်) တို့အကြား ပဋိပက္ခဖြစ်ပွားချိန်မှစ၍ ခါတွန်ပြည်နယ်တွင် လူပေါင်း ၄၈၈၂ ဦး ထက်မနည်း သေဆုံးခဲ့ကြောင်း အောက်တိုဘာ ၂၅ ရက်တွင်ပြည်နယ်ကျန်းမာရေး အာဏာပိုင်များက ပြောသည်။

အဆိုပါ အရေအတွက်မှာ ဆူဒန်နိုင်ငံတွင် ပဋိပက္ခစတင်ဖြစ်ပွားပြီးနောက် ပထမဆုံး တရားဝင် ထုတ်ပြန်သော ကိန်းဂဏန်း အချက်အလက်များဖြစ်ကြောင်း၊ ဆေးရုံများတွင် ထိခိုက်ဒဏ်ရာရရှိသူ ၃၂၁၆၇ ဦးမှာလည်း ဆေးဝါးကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။

ထို့အပြင် ယင်းကိန်းဂဏန်းများတွင် အစိုးရနှင့် ပုဂ္ဂလိကနှစ်ရပ်ကြားရှိ ဆေးရုံများနှင့် ဆေးဘက်ဆိုင်ရာ ဌာနများ၌ မှတ်တမ်းတင်ထားသော စာရင်းများသာ ပါဝင်ကြောင်း ပြည်နယ်ကျန်းမာရေး အာဏာပိုင်အဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ မိုဟာမက် အီဗရာဟင်က ပြောသည်။

ခါတွန်ပြည်နယ်သည် ဆူဒန်နိုင်ငံရှိ ပြည်နယ် ၁၈ ခုအနက် မှတစ်ခုဖြစ်သည်။ ဧရိယာအရ အသေးငယ်ဆုံး ဖြစ်သော်လည်း လူဦးရေ အထူထပ်ဆုံး ပြည်နယ်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

## တိုက်ပွဲများကြားမှ လက်ဘနွန်သို့ ကူညီထောက်ပံ့မှုများပေးပို့နိုင်ရေး ကုလကြိုးပမ်း

**ဂျီနီဗာ အောက်တိုဘာ ၂၆**

လက်ဘနွန်နိုင်ငံ၌ တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေစဉ် အကူအညီလိုအပ်နေသည့် ပြည်သူများထံ ထောက်ပံ့မှုများ ပေးနိုင်ရေး ကုလသမဂ္ဂအဖွဲ့အစည်းနှင့် ၎င်း၏မိတ်ဖက်အဖွဲ့များ ကြိုးပမ်းလျက်ရှိသည်ဟု ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက အောက်တိုဘာ ၂၅ ရက်တွင်ပြောသည်။

ကုလသမဂ္ဂ အေဂျင်စီများနှင့် အင်န်ဂျီအိုအဖွဲ့များ ပူးပေါင်းပံ့ပိုးထားသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာဉ်တန်းသည် အောက်တိုဘာ ၂၅ ရက်က နာဘတ်တီယက်ပြည်နယ် အုပ်ချုပ်ရေးမှူးရုံးသို့ အဓိကလိုအပ်သော ထောက်ပံ့ရေးပစ္စည်းများ ပေးပို့ခဲ့သည်ဟု သိရသည်။ ပေးပို့သည့် ထောက်ပံ့ရေးပစ္စည်းများတွင် အသင့်စားနိုင်သည့်စားသောက်ကုန်များ၊ တစ်ကိုယ်ရေသန့်ရှင်းရေးပစ္စည်းများနှင့် ဆိုလာမီးအိမ်တို့ ပါဝင်သည်။

ယခုလအထိ ကုလသမဂ္ဂသည် လက်ဘနွန်နိုင်ငံရှိ သွားလာရခက်ခဲသော ဒေသနေ ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာဉ်တန်း ရှစ်စီးဖြင့် ထောက်ပံ့ရေးပစ္စည်းများ ပေးပို့ခဲ့ကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးက ပြောသည်။ လက်ဘနွန်နိုင်ငံတောင်ပိုင်းတွင် ဗုံးကြဲခံရမှုကြောင့် ပျက်စီးသွားသည့် ရေသန့်စက်ရုံများ ပြန်လည်ပြင်ဆင်ရေးအတွက် အရေးပေါ်ပြင်ဆင်ရေးပစ္စည်းများကို ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့က ထောက်ပံ့ပေးထားသည်။ ထိုစဉ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကလည်း လက်ဘနွန်နိုင်ငံရှိ နေရပ်စွန့်ခွာကလေးများအတွက် ပိုလီယို၊ ဝက်သက်နှင့် ဂျိုက်သိုး ကာကွယ်ဆေးထိုးပေးနိုင်ရေး လက်ဘနွန်ကျန်းမာရေးအာဏာပိုင်များထံ ထောက်ပံ့ပေးခဲ့သည်။ ကုလသမဂ္ဂ လူဦးရေဆိုင်ရာ လုပ်ငန်းရန်ပုံငွေအဖွဲ့သည်လည်း လက်ဘနွန်နိုင်ငံတစ်ဝန်း အကူအညီများ ဆက်လက်ပေးပို့ဆဲဖြစ်သည်။ လက်ဘနွန်နိုင်ငံအတွင်း လူပေါင်း ၈၃၃၀၀၀ ကျော်မှာ အိုးမဲ့အိမ်မဲ့ဖြစ်ကာ နိုင်ငံအတွင်း၌ပင် ရွှေ့ပြောင်းနေထိုင်နေရသည်ဟု နိုင်ငံတကာရွှေ့ပြောင်း နေထိုင်သူများအဖွဲ့၏ ပြောကြားချက်အရ သိရသည်။ **ဆင်ဟွာ**




ဘေရွတ် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသည့် ဆေးပစ္စည်းများကို တွေ့ရစဉ်။

## ဩစတြေးလျနိုင်ငံ ဆစ်ဒနီဝေဟင်၌ အပေါ့စားလေယာဉ်နှစ်စင်း တိုက်မိ၊ သုံးဦးသေဆုံး

**ဆစ်ဒနီ အောက်တိုဘာ ၂၆**

ဩစတြေးလျနိုင်ငံဆစ်ဒနီအနောက်တောင်ပိုင်း၌ အောက်တိုဘာ ၂၆ ရက်က အပေါ့စားလေယာဉ် နှစ်စင်းတို့ ဝေဟင်၌ တိုက်မိမှုဖြစ်ပွားရာ လေယာဉ်နှစ်စင်းလုံးပျက်ကျပြီး သုံးဦး သေဆုံးကြောင်း သိရသည်။

နယူးဆောက်ဝေးလ်ပြည်နယ်ရှိ ရဲတပ်ဖွဲ့က အခင်းဖြစ်ပွားရာနေရာ၌ အမျိုးသားသုံးဦး သေဆုံးကြောင်း အောက်တိုဘာ ၂၆ ရက် မွန်းလွဲပိုင်းတွင် အတည်ပြုခဲ့သည်။

ဩစတြေးလျ အသံလွှင့်ကော်ပိုရေးရှင်းက လေယာဉ်ပျက်ကျမှုကြောင့် အခင်းဖြစ်ပွားရာနေရာ၌ လေယာဉ်တစ်စင်း မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း ထုတ်ပြန်ထားသည်။ တိုက်မိသည့် လေယာဉ်နှစ်စင်းမှာ Jabiru နှင့် Cessna 182 တို့ ဖြစ်ကြောင်း ဩစတြေးလျ သယ်ယူပို့ဆောင်ရေးဌာနက ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ **ဆင်ဟွာ**

## နာဆာမှ အာကာသယာဉ်မှူးများ ကမ္ဘာမြေသို့ ပြန်လည်ရောက်ရှိ

**လော့စ်အိန်ဂျလိစ် အောက်တိုဘာ ၂၆**

နိုင်ငံတကာအာကာသစခန်း (အိုင်အက်စ်အက်စ်) တွင် ခုနစ်လကြာ သိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများ လုပ်ဆောင်ပြီးနောက် အောက်တိုဘာ ၂၅ ရက်တွင် နာဆာမှ SpaceX Crew-8 အာကာသယာဉ်မှူးများသည် ကမ္ဘာမြေသို့ ပြန်လည်ရောက်ရှိလာကြောင်း သိရသည်။

အာကာသယာဉ်မှူးများ တင်ဆောင်လာသော SpaceX ဒရက်ဂွန်အာကာသယာဉ်သည် အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်ရှိ ပန်ဆာကိုလာကမ်းလွန်သို့ အောက်တိုဘာ ၂၅ ရက် ဒေသစံတော်ချိန် နံနက် ၃ နာရီ ၂၉ မိနစ်တွင် အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့သည်။ အာကာသယာဉ်မှူးများတွင် နာဆာအာကာသယာဉ်မှူးများဖြစ်သည့် မက်သရူး ဒိုမီနစ်ခ်၊ မိုက်ကယ်ဘားရတ်နှင့် ရုရှားအာကာသယာဉ်မှူး အလက်ဇန္ဒြား ဂရေဘီကင်တို့ ပါဝင်ကြောင်း သိရသည်။ **ဆင်ဟွာ**

# ယခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအထိ ကမ္ဘာတစ်ဝန်း ထူးထူးခြားခြား ဖြစ်စဉ်များ

**လင်းလက်ကြယ်**

ကမ္ဘာတစ်ဝန်းမှာ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့်သော်လည်းကောင်း၊ အပူလှိုင်းကြောင့်သော်လည်းကောင်း၊ မိုးခေါင်ရေရှားမှုကြောင့်သော်လည်းကောင်း၊ မုန်တိုင်းကြောင့်သော်လည်းကောင်း၊ ငလျင်ကြောင့်သော်လည်းကောင်း၊ မီးလောင်မှုကြောင့်သော်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်တစ်ခုခုကြောင့်သော်လည်းကောင်း ထိခိုက်ပျက်စီးဆုံးရှုံးမှုများစွာ ဖြစ်ပွားလျက်ရှိသလို လူလုပ်ပဋိပက္ခတွေကြောင့်လည်း ကမ္ဘာတစ်ဝန်းမှာ ထိခိုက်သေကျေမှုများစွာဖြစ်ပွားလျက်ရှိပါတယ်။ ဒါကြောင့် ယခုနှစ်အတွင်း ဇန်နဝါရီလမှ ဇူလိုင်လအထိ ကမ္ဘာတစ်ဝန်း ထူးထူးခြားခြားဖြစ်ပွားခဲ့တဲ့ ဖြစ်ရပ်တွေကို စုစည်းဖော်ပြသွားမှာဖြစ်ပါတယ်။

## ဇန်နဝါရီလ

**ဂျပန်နိုင်ငံမှာ ပြင်းထန်တဲ့ ငလျင်လှုပ်မှုကြောင့် လူပေါင်း ၄၀၀ ကျော် သေဆုံးမှု ဖြစ်ပွား**

ယခုနှစ် ဇန်နဝါရီ ၁ ရက်မှာ ဂျပန်နိုင်ငံ အီရှီခါဝါစီရင်စုရှိ နိုတိုကျွန်းဆွယ်ကို ပြင်းအား ၇ ဒသမ ၅ အဆင့်ရှိ ငလျင်လှုပ်မှု ဖြစ်ပွားခဲ့ပါတယ်။ ယင်းလှုပ်ခတ်မှုမှာ ၁၈၈၅ ခုနှစ်နောက်ပိုင်း အီရှီခါဝါစီရင်စုမှာ လှုပ်ခဲ့တဲ့ ငလျင်တွေအနက် အပြင်းထန်ဆုံးဖြစ်ပြီး ပြည်မကြီးမှာ ၂၀၁၁ ခုနှစ်က တိုဟိုကူငလျင်ပြီးနောက် အပြင်းထန်ဆုံး လှုပ်ခတ်ခဲ့တဲ့ငလျင်ဖြစ်တယ်လို့ မှတ်တမ်းတွေမှာ ဖော်ပြထားပါတယ်။ ဒ့ါအပြင် ငလျင်ငယ်ပေါင်း ၁၂၀၀ ကျော်လည်း ၁၀၀ ကီလိုမီတာဇုန်အတွင်း လှုပ်ခတ်ခဲ့ပြီး ခုနစ်ခုထက်မနည်းမှာ ပြင်းအား ၅ ဒသမ ၀ နဲ့အထက်ရှိတယ်လို့ ဆိုပါတယ်။

ငလျင်လှုပ်မှုနဲ့အတူ ဖြစ်ပေါ်လာတဲ့ ဆူနာမီကြောင့် တိုယာမာစီရင်စု၊ နီအီဂါဝါစီရင်စုတို့ အပါအဝင် အထူးသဖြင့် ဆူဇူ၊ ဝါဂျီမ၊ နိုတိုမြို့တို့မှာ ထိခိုက်ပျက်စီးဆုံးရှုံးမှု များစွာဖြစ်ပွားခဲ့ပါတယ်။ အဲဒီ ဖြစ်ရပ်ကြောင့် လူပေါင်း ၄၁၂ ဦး အတည်ပြုသေဆုံးခဲ့ပြီး ၄၀၈ ဦးမှာ အီရှီခါဝါစီရင်စုမှဖြစ်ကာ နီအီဂါဝါစီရင်စုနဲ့ တိုယာမာစီရင်စုတို့မှာ နှစ်ဦးစီ သေဆုံးခဲ့ပါတယ်။

ငလျင်လှုပ်မှုကြောင့် သေဆုံးသူပေါင်း ၂၃၁ ဦးရှိပြီး ၁၈၁ ဦးမှာ ငလျင်ဘေးအန္တရာယ်နဲ့ ဆက်စပ်တဲ့ ဖြစ်ရပ်တွေကြောင့် သေဆုံးခဲ့ရခြင်း ဖြစ်တယ်လို့ အချက်အလက်တွေမှာ ဖော်ပြထားပါတယ်။ ပင်မငလျင်လှုပ်မှုကြောင့် လူပေါင်း ၁၃၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး စီရင်စုကိုးခုရှိ အဆောက်အအုံပေါင်း ၁၆၈၈၂ ခုမှာလည်း ထိခိုက်ပျက်စီးမှု ဖြစ်ပွားခဲ့ပါတယ်။

## ဖေဖော်ဝါရီလ

**ဂြိုဟ်တုမှ ရိုက်ယူထားတဲ့ Nova-C လဆင်းယာဉ်၏ ပုံရိပ်တွေ နာဆာထုတ်ပြန်**

အမေရိကန်အာကာသအေဂျင်စီ နာဆာက လကို လှည့်ပတ်နေတဲ့ ဂြိုဟ်တုတစ်စင်းမှ ရိုက်ယူထားတဲ့ Nova-C လဆင်းယာဉ်ရဲ့ ပုံရိပ်တွေကို ဖေဖော်ဝါရီလ စတုတ္ထပတ်မှာ ထုတ်ပြန်ခဲ့ပါတယ်။ Intuitive machines အာကာသကုမ္ပဏီက တီထွင်ထုတ်လုပ်တဲ့ လဆင်းယာဉ်ဟာ ဖေဖော်ဝါရီလ တတိယပတ်မှာ လမျက်နှာပြင်ပေါ်ကို ဆင်းသက်နိုင်ခဲ့တယ်လို့ ဆိုပါတယ်။ ဒါကြောင့် အဲဒီကုမ္ပဏီဟာ လပေါ်ကို မောင်းသူမဲ့ယာဉ်ဆင်းသက်နိုင်တဲ့ ပထမဆုံး ပုဂ္ဂလိကကုမ္ပဏီ ဖြစ်လာခဲ့ပါတယ်။

ထုတ်ပြန်ခဲ့တဲ့ ဓာတ်ပုံတွေဟာ လမျက်နှာပြင်မှ ၉၀ ကီလိုမီတာခန့်အကွာ လှည့်ပတ်နေတဲ့ နာဆာဂြိုဟ်တုက ရိုက်ယူရရှိထားတဲ့ ပုံရိပ်တွေဖြစ်တယ်လို့ဆိုပါတယ်။ တောင်ဝင်ရိုးစွန်းရဲ့ သတ်မှတ်ထားတဲ့ ဧရိယာမှာ Nova-C ဆင်းသက်ခြင်း မပြုမီနဲ့ ဆင်းသက်ပြီးနောက် ဓာတ်ပုံတွေကို နှိုင်းယှဉ်ကာ အတည်ပြုကြောင်း နာဆာကပြောပါတယ်။ အမေရိကန်နဲ့ ဂျပန်နိုင်ငံတို့မှ ပုဂ္ဂလိကကုမ္ပဏီတွေဟာ လာမယ့်နှစ်နှောင်းပိုင်းမှာ လဆင်းယာဉ်တွေ လွှတ်တင်ဖို့ စီစဉ်နေတဲ့အတွက် လကမ္ဘာစူးစမ်းလေ့လာမှုအကြား ပြိုင်ဆိုင်မှုတွေ မြင့်တက်လျက်ရှိပါတယ်။

## မတ်လ

**အကောင်းဆုံးအထူးပြုလုပ်ချက် အော်စကာဆု Godzilla Minus One ရုပ်ရှင်ဆွတ်ခူး**

ဂျပန်ရုပ်ရှင် Godzilla Minus One မှာ အကောင်းဆုံးအထူးပြုလုပ်ချက် (Visual Effects-VFX) အတွက် ၂၀၂၄ ခုနှစ် အကယ်ဒမီဆုကို ဆွတ်ခူးနိုင်ခဲ့ပါတယ်။ အဲဒီ ဆုအမျိုးအစားမှာ ဂျပန်ရုပ်ရှင်အနေနဲ့ အော်စကာဆုကို ပထမဆုံးအကြိမ် ဆွတ်ခူးနိုင်မှု ဖြစ်ပါတယ်။ Godzilla Minus One ရုပ်ရှင်ဟာ ဂျပန်နိုင်ငံက ရိုက်ကူးထုတ်လုပ်ပြီး Godzilla (ဂေါ်ဇီလာ) ဇာတ်ကောင်ပါဝင်တဲ့ ၃၀ မြောက် ရုပ်ရှင်ဖြစ်ပါတယ်။




၁၉၅၄ ခုနှစ်မှာ ထွက်ရှိခဲ့တဲ့ ပထမဆုံးရုပ်သံဇာတ်လမ်းတွဲရဲ့ နှစ် ၇၀ ပြည့်မတိုင်မီ ၎င်းရုပ်ရှင်ကို ပြီးခဲ့တဲ့နှစ် နိုဝင်ဘာလမှာ ပွဲဦးထွက်ပြသခဲ့ပါတယ်။ ဂေါ်ဇီလာကြီးမှာ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွေလုပ်ဆောင်နေတဲ့မြို့ကို မမျှော်လင့်ဘဲ ရောက်ရှိလာပြီး ညာတာမှုကင်းမဲ့စွာ ဖျက်ဆီးပစ်ပုံ၊ ၎င်းနဲ့ လူတွေတိုက်ခိုက်ကြပုံကို VFX နည်းပညာ အသုံးပြုကာ ပုံဖော်ရိုက်ကူးထားတာ ဖြစ်ပါတယ်။

အဲဒီရုပ်ရှင်ဟာ ဂျပန်နိုင်ငံမှာ အထူးလူကြိုက်များလာခဲ့ပြီး ရုံဝင်ငွေမှာလည်း ယန်း ၆ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ သန်း ၄၀ ခန့်) ရရှိခဲ့တယ်လို့ သိရပါတယ်။ ဒါရိုက်တာ ယာမာဇာကီ တာကာရှိက VFX နဲ့ ဇာတ်ညွှန်းရေးသားမှုကို ဖန်တီးခဲ့သူ ဖြစ်ပါတယ်။

## ဧပြီလ

**ကမ္ဘာလုံးဆိုင်ရာ စစ်ရေးအသုံးစရိတ် အမြင့်ဆုံး ရောက်လာကြောင်း ဆွီဒင်ပညာရှင်ပြော**

ကမ္ဘာလုံးဆိုင်ရာ စစ်ရေးအသုံးစရိတ်တွေဟာ ၂၀၂၃ ခုနှစ်မှာ ကိုးနှစ်ဆက်တိုက် မြင့်တက်လာခဲ့ကြောင်းနဲ့ ၁၉၈၈ ခုနှစ်က မှတ်တမ်းစတင်ကောက်ယူပြီးနောက်ပိုင်း အမြင့်ဆုံးပမာဏကို ရောက်လာကြောင်း ဆွီဒင်ပညာရှင်တစ်ဦးက ပြောပါတယ်။

စတော့ဟုမ်း နိုင်ငံတကာငြိမ်းချမ်းရေးသုတေသနဌာနက ဧပြီ ၂၂ ရက် ထုတ်ပြန်တဲ့ နှစ်ပတ်လည် အစီရင်ခံစာမှာ ကမ္ဘာတစ်ဝန်းရှိ စစ်ရေးအသုံးစရိတ် စုစုပေါင်းမှာ ၂ ဒသမ ၄၄၃ ထရီလီယံဒေါ်လာရှိကြောင်း ဖော်ပြထားပါတယ်။ အဲဒီစစ်ရေးအသုံးစရိတ်ပမာဏမှာ ယခင်နှစ်ကထက် ၆ ဒသမ ၈ ရာခိုင်နှုန်း တိုးလာကြောင်းလည်း ဖော်ပြထားပါတယ်။

စစ်ရေးအသုံးစရိတ် အများဆုံးစာရင်းမှာ အမေရိကန်က ၉၁၆ ဘီလီယံဒေါ်လာဖြင့် ထိပ်ဆုံးတွင်ရှိနေပြီး ယခင်နှစ်ကထက် ၂ ဒသမ ၃ ရာခိုင်နှုန်း တိုးလာကာ ယင်းနောက်မှာ တရုတ်နိုင်ငံက ၂၉၆ ဘီလီယံဒေါ်လာဖြင့် ရပ်တည်နေပြီး ၆ ရာခိုင်နှုန်း တိုးလာတယ်လို့ ဆိုပါတယ်။ ဥရောပ၊ အာရှနဲ့ အိုရှန်းနီးယားတို့အပြင် အရှေ့အလယ်ပိုင်းတို့မှာလည်း စစ်ရေးအသုံးစရိတ် သိသိသာသာ မြင့်တက်လာတယ်လို့ အဆိုပါ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။



## မေလ

**စင်ကာပူနိုင်ငံမှာ နှစ်ပေါင်း ၂၀ ကြာပြီးနောက် ဝန်ကြီးချုပ်သစ် ကျမ်းသစ္စာကျိန်ဆို**

စင်ကာပူနိုင်ငံရဲ့ ဒုတိယခေါင်းဆောင် လောရင့်စ်ဝေါင်ဟာ နိုင်ငံရဲ့ စတုတ္ထမြောက် ဝန်ကြီးချုပ်အဖြစ် မေ ၁၅ ရက်မှာ ကျမ်းသစ္စာကျိန်ဆိုခဲ့ပါတယ်။ လောရင့်စ်ဝေါင်ရဲ့ ကျမ်းသစ္စာကျိန်ဆိုမှုက ဝန်ကြီးချုပ် လီရှန်လွန်းလက်ထက် ဆယ်စုနှစ်နှစ်စုကြာ တာဝန်ယူခဲ့မှု အဆုံးသတ်သွားစေခဲ့ပါတယ်။ ဒ့ါအပြင် စင်ကာပူနိုင်ငံဟာ ပြည်တွင်း ပြည်ပ စိန်ခေါ်မှုတွေ ရင်ဆိုင်ကြုံတွေ့နေရချိန်မှာ ယင်းကဲ့သို့ ကျမ်းသစ္စာကျိန်ဆိုမှုထွက်ပေါ်လာတာ ဖြစ်ပါတယ်။

လောရင့်စ်ဝေါင်ဟာ နိုင်ငံရဲ့ ပထမဆုံး ဝန်ကြီးချုပ်နဲ့ နိုင်ငံတည်ထောင်သူ ဖခင် လီကွမ်ယုရဲ့ အကြီးဆုံးသားဖြစ်သူ လီရှန်လွန်းရဲ့ နေရာကို ဆက်ခံခဲ့တာ ဖြစ်ပါတယ်။ အသက် ၅၁ နှစ်အရွယ် ဝေါင်ဟာ ဗျူရိုကရက်ဟောင်းတစ်ဦးဖြစ်ပြီး လူလတ်တန်းစားမိသားစုမှာ ကြီးပြင်းလာသူဖြစ်ပါတယ်။ ရာထူးမှနုတ်ထွက်သွားတဲ့ ဝန်ကြီးချုပ် လီရှန်လွန်းဟာ ဝေါင်ရဲ့ အစိုးရအဖွဲ့မှာ အကြီးတန်းဝန်ကြီးအဖြစ် ဆက်လက်ရှိနေမှာ ဖြစ်ပါတယ်။



## ဇွန်လ

**ဆော်ဒီအာရေဗျနိုင်ငံမှာ အပူလွန်ကဲမှုကြောင့် ဘုရားဖူး ၁၃၀၀ ကျော် သေဆုံးမှုဖြစ်ပွား**

ဆော်ဒီအာရေဗျနိုင်ငံမှာ နှစ်စဉ်ပြုလုပ်တဲ့ ဟာ့ဂျ်ဘုရားဖူးကာလအတွင်း အပူချိန်လွန်ကဲမှုကြောင့် လူပေါင်း ၁၃၀၀ ကျော် သေဆုံးမှုဖြစ်ပွားကြောင်း ဆော်ဒီအာရေဗျကျန်းမာရေးဝန်ကြီးက ဇွန်လတတိယပတ်မှာ ပြောကြားခဲ့ပါတယ်။

ဆော်ဒီအာရေဗျနိုင်ငံ အနောက်ပိုင်း မက္ကာမြို့ရှိ အထွတ်အမြတ်ထားတဲ့ နေရာတွေဆီကို ကမ္ဘာတစ်ဝန်းမှ မွတ်စလင်တွေ နှစ်စဉ်ဘုရားဖူးလာရောက်ကြပြီး ဘုရားဖူးသူတွေဟာ မက္ကာမြို့နဲ့ ၎င်းအနီးဝန်းကျင်ဒေသတွေကို နေ့ရော ညပါ ရက်အတန်ကြာ လမ်းလျှောက်ကြတယ်လို့ ဆိုပါတယ်။

အပူချိန်မှာ ၅၀ ဒီဂရီဆဲလ်စီးယပ်စ်အထက် မြင့်တက်နေသော်လည်း ယခုနှစ် ဇွန် ၁၄ ရက်မှ နောက်ဆုံးသီတင်းပတ် ဇွန် ၁၉ ရက်အထိ ပြုလုပ်တဲ့ ဟာ့ဂျ်ဘုရားဖူးကာလအတွင်း လူပေါင်း ၁ ဒသမ ၈ သန်း ပါဝင်ဆင်နွှဲခဲ့ကြတယ်လို့ ဆိုပါတယ်။

ဆော်ဒီကျန်းမာရေးဝန်ကြီး ဖာဟတ် အယ်လ်ဂျလာဂျယ်က တယ်လီဖုန်းမှတစ်ဆင့် မေးမြန်းမှုမှာ အပူလျှပ်မှုနှင့် တခြားအကြောင်းရင်းတွေကြောင့် ဘုရားဖူးသူပေါင်း ၁၃၀၁ ဦး သေဆုံးခဲ့တာလို့ ပြောပါတယ်။ ဒ့ါအပြင် သေဆုံးသူ ၈၀ ရာခိုင်နှုန်းကျော်မှာ ဟာ့ဂျ်ဘုရားဖူးကာလအတွင်း ပါဝင်ဆင်နွှဲဖို့လိုအပ်တဲ့ ဗီဇာကို ရယူထားခြင်း မရှိကြောင်း၊ တည်းခိုနေထိုင်ရေးနဲ့ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုတွေကို သင့်လျော်စွာအသုံးမပြုနိုင်မှုက ဘုရားဖူးသူတွေ သေဆုံးရခြင်းဖြစ်နိုင်ကြောင်း ဆော်ဒီကျန်းမာရေးဝန်ကြီး အယ်လ်ဂျလာဂျယ်က ပြောကြားထားပါတယ်။



## ဇူလိုင်လ

**အမေရိကန် သမ္မတဟောင်း ဒေါ်နယ်ထရမ့် သေနတ်ပစ်ခတ်ခံရပြီး ညာဘက်နားရွက် ဒဏ်ရာရ**

ဇူလိုင် ၁၃ ရက်က ပင်ဆဲလ်ဗေးနီးယားပြည်နယ် မဲဆွယ်စည်းရုံးပွဲတစ်ခု၌ သမ္မတဟောင်း ထရမ့် စင်ပေါ်တက်ပြီး မကြာမီ သေနတ်ပစ်ခတ်ခံခဲ့ရကာ ညာဘက်နားရွက်ထိခိုက်ဒဏ်ရာရရှိမှု ဖြစ်ပွားခဲ့ပါတယ်။ အဲဒီပစ်ခတ်မှုကြောင့် လူအုပ်အတွင်းမှ တစ်ဦးသေဆုံးပြီး အခြားနှစ်ဦး ပြင်းထန်ဒဏ်ရာရရှိခဲ့ပါတယ်။ အထူးထောက်လှမ်းရေးဌာနက သံသယရှိသူ သေနတ်သမားကို ရှင်းလင်းသုတ်သင်ခဲ့ပါတယ်။ အက်ဖ်ဘီအိုင်က ၎င်းကို အသက် ၂၀ အရွယ် ပင်ဆဲလ်ဗေးနီးယားပြည်နယ်ဒေသခံ သောမတ်စ် ခရွတ်စ်ဖြစ်တယ်လို့ ဆိုပါတယ်။

အေဘီစီနယူးစ်က ခရွတ်စ်အသုံးပြုခဲ့တဲ့ ရိုင်ဖယ်မှာ ၎င်းရဲ့ဖခင် တရားဝင်ဝယ်ယူခဲ့တဲ့ သေနတ်ဖြစ်တယ်လို့ အစီရင်ခံ ဖော်ပြထားပါတယ်။ နောက်ပိုင်းမှာ သံသယရှိသူရဲ့ယာဉ်နဲ့ နေအိမ်မှာ ဗုံးပြုလုပ်တဲ့ ပစ္စည်းတွေကို တွေ့ရှိခဲ့တယ်လို့ တရားဥပဒေစိုးမိုးရေးအရာရှိတွေရဲ့ ပြောကြားချက်ကို အမေရိကန်မီဒီယာများက ကိုးကားဖော်ပြထားပါတယ်။ ။

**ကိုးကား - ဆင်ဟွာ**

# မှော်ဘီမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ယင်းတိုက်ပင်ကျေးရွာအုပ်စု ညောင်းတံခါးကျေးရွာရှိ ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း (ညောင်းတံခါး) ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၅၆ ဦးအား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အနိပ်တော်ရပ်ကွက် ကထိန်တော်ကျောင်းတိုက်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်ရှိ ဓမ္မာရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၁၀၉ ပါးနှင့် ဒေသခံပြည်သူ ၂၂ ဦးတို့အား သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေး ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများ ဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ရန်လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။



ယင်းသို့ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၆**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များ၌ ကျောင်းပတ်ဝန်းကျင်သန့်ရှင်း သာယာလှပရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အပါအဝင် မြို့နယ် ခုနစ်မြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့အပါအဝင် မြို့နယ် ခြောက်မြို့နယ်တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အပါအဝင် မြို့နယ် ၁၇ မြို့နယ်တို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ လည်းကောင်း တက္ကသိုလ်များ၊ စာသင်ကျောင်းများ အတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ခြင်ဆေးဖျန်းပေးခြင်း၊ ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းများကို စုပေါင်း ဆောင်ရွက်ပေးကြသည်။

ထိုသို့ တက္ကသိုလ်များနှင့် စာသင်ကျောင်းများ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံတပ်မတော်သားများက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ စုပေါင်းဆောင်ရွက်ပေးကြသည်။

ထို့အတူ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယန်းမြို့နှင့် မိုင်းတုံမြို့တို့ရှိ ပြည်သူ့ဆေးရုံများ၌ နယ်မြေခံတပ်မတော်သားများက ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့်အတူ ဆေးရုံဝင်းအတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းနှင့် ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဓာတ်အားခွဲရုံများ ကွင်းဆင်းစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၂၆**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦးသည် ရုံးချုပ်မှ တာဝန်ရှိသူများ၊ အနောက်ပိုင်းခရိုင် လျှပ်စစ်မန်နေဂျာနှင့် ခရိုင်လျှပ်စစ်အင်ဂျင်နီယာတို့နှင့်အတူ ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်များရှိ ဓာတ်အားခွဲရုံများ၏ ဓာတ်အားဖြန့်ဖြူးထားမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးသည်။

ဗဟန်းမြို့နယ် လျှပ်စစ်မန်နေဂျာရုံး၊ ၃၃/၆.၆ ကေဗွီ မြေပဒေသာကျွန်းဓာတ်အားခွဲရုံနှင့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် ကနေဒီဓာတ်အားခွဲရုံတို့ကို သွားရောက်၍ ဓာတ်အားပျောက်ဆုံးမှုအခြေအနေ၊ ဓာတ်အားခကောက်ခံရရှိမှုနှင့် ဓာတ်အားခကြွေးကျန်အခြေအနေနှင့် ဓာတ်အားဖြန့်ဖြူးထားမှုအခြေအနေများ၊ ဓာတ်အားခွဲရုံ ကြံ့ခိုင်ကောင်းမွန်မှုရှိစေရေး ဆောင်ရွက်ထားမှုများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ချစ်ဆောင်**



# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၂၆

**အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

### အသိပေးသတင်းထုတ်ပြန်

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

### တရားဥပဒေနှင့်အညီဆောင်ရွက်

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “U Maung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဟံသာဝတီရပ်ကွက်နေ ဝင်းမောင်အား ညနေ ၆ နာရီ ၃၅ မိနစ်တွင် ပဲခူးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

### ဆက်လက်ဖော်ထုတ်

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နွေစပါး မိုးစပါးနှင့် ဆီထွက်သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး အလေးထားဆောင်ရွက်ပေးနေသည့် ကြက်မောက်တောင်ရေလှောင်တမံ

ကိုနေ(ကျောက်ပန်းတောင်း)



ကြက်မောက်တောင် ရေလှောင်တမံ

မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းမှာ မိရိုးဖလာစိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည့် တောင်သူများဖြစ်ကြပြီး စိုက်ပျိုးရေးကိုလည်း သဘာဝကပေးသည့် မိုးရေကိုသာ အားထား၍ သမားရိုးကျနည်းဖြင့်သာ စိုက်ပျိုးလုပ်ကိုင်ကြသည်က များပါသည်။

မိုးများသည့် ဒေသများတွင် စိုက်ပျိုးလုပ်ကိုင်သူများ အဆင်ပြေမှုရှိသော်လည်း မိုးနည်းရပ်ဝန်းဒေသနေ အညာတောင်သူများအတွက်မူ ရာသီအလိုက် ဝီရိယထား စိုက်ပျိုးလုပ်ကိုင်ကြသည့်တိုင် ရာသီဥတုအခြေအနေအရ ကံပေး၊ ကံယူ သဘောမျိုးသာ ဖြစ်နေခဲ့ကြသည်က များပါသည်။

ပဒေသရာဇ်ခေတ်မှစတင်၍ အမြော်အမြင်ကြီးမားသည့် တိုင်းပြု၊ ပြည်ပြု မင်းများက ကန်၊ ချောင်း၊ ဆည်မြောင်းများ ဆည်ဖို့၍ စိုက်ပျိုးရေပေးဝေသည့်စနစ်ကို အကောင်အထည်ဖော်ခဲ့ကြောင်း သမိုင်းအထောက်အထားများအရ သိရှိခဲ့ရပြီး ယခုနောက်ပိုင်းတွင်လည်း ခေတ်စနစ်နှင့်အညီ စိုက်ပျိုးရေးနည်းလမ်းကောင်းများ အစားထိုးအသုံးပြုလာကြသည့်နည်းတူ ရာသီဥတုနှင့်ကိုက်ညီသည့်မျိုးများ ပြောင်းလဲစိုက်ပျိုးခြင်းနှင့် မိုးနည်းရပ်ဝန်းဒေသများတွင် ဆည်မြောင်း၊ ကန်ချောင်းများတိုးချဲ့ပြုပြင်၍ ရေကို ပိုမိုသိုလှောင် ဖြန့်ဝေအသုံးပြုစေခြင်းဖြင့် တောင်သူများအတွက် စိုက်ပျိုးရေလိုအပ်ချက်ကို ဖြည့်ဆည်းကာ စိုက်ပျိုးရေးထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်လျက် ရှိပါသည်။

**စိုက်ပျိုးရေးအတွက် အဓိကလိုအပ်သည့်စိုက်ပျိုးရေ**

စိုက်ပျိုးရေးအတွက် အခြေခံလိုအပ်ချက်မှာ မျိုး၊ မြေ၊ ရေ၊ နည်းပညာဖြစ်ကြောင်း သိရှိရပြီး အဆိုပါအချက်များမှာ မြေကောင်း မြေသန့်ဖြစ်စေရန် မြေဩဇာကို သဘာဝနည်းဖြင့် မှန်ကန်စွာအသုံးချရေး၊ စိုက်ပျိုးရေ အပြည့်အဝရရှိရေးနှင့် ရာသီဥတုနှင့်ကိုက်ညီသည့် မျိုးကောင်း မျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ တွေ့ကြုံလာသည့် ရာသီဥတုအခြေအနေအပေါ် မူတည်၍ စိုက်ပျိုးနည်းစနစ်များ ပြောင်းလဲစိုက်ပျိုးရေးတို့ ပါဝင်ကြောင်း လေ့လာသိရှိရပါသည်။ စိုက်ပျိုးရေးအတွက် အဓိကလိုအပ်သည့် စိုက်ပျိုးရေ ရရှိရေးမှာလည်း အညာဒေသတွင် များသောအားဖြင့် သဘာဝကပေးသည့် မိုးရေနှင့် မြေအောက်ရေတို့ကိုသာ အားထားကြရခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံသည် မြေမျက်နှာသွင်ပြင်အနေအထားအရ ရာသီဥတုအခြေအနေအပေါ် မူတည်၍ မိုးရွာသွန်းမှု ကွာခြားချက်များရှိရာ မိုးနည်းရပ်ဝန်းဒေသဖြစ်သည့် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် မိုးရွာသွန်းမှုနည်းပါးသဖြင့် စိုက်ပျိုးရေအတွက် အခက်အခဲများ ဖြစ်ပေါ်လေ့ရှိပါသည်။ အဆိုပါဒေသများ၌ စိုက်ပျိုးရေရရှိရေးအတွက် ဆည်၊ မြောင်း၊ ကန်၊ ချောင်းတို့သည်လည်း တောင်သူဦးကြီးများအတွက် အဓိကမှီခိုအားထားရာ အခန်းကဏ္ဍတစ်ခုပင်ဖြစ်သည်။

စိုက်ပျိုးရေ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနေသည့် ဆည်၊ တာတမံများအနက် မိုးနည်းရေရှားရပ်ဝန်းတွင် ပါဝင်သည့် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်၏ ကြက်မောက်တောင် ရေလှောင်တမံသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ ကြက်မောက်တောင် ရေလှောင်တမံသည် ဒေသတွင်း နွေစပါး၊ မိုးစပါး၊ ဆောင်းသီးနှံများနှင့် ဆီထွက်သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် စိုက်ပျိုးရေ လိုအပ်ချက်ကို ပြည့်မီစွာ ဖြည့်ဆည်းပေးနေသော ရေလှောင်တမံတစ်ခုဖြစ်ပါသည်။

**နှစ်စဉ် သီးထပ်၊ သီးညှပ် စိုက်ပျိုးနိုင်**

ကြက်မောက်တောင် ရေလှောင်တမံကို အမြင့်ပေ ၄၉၈၁ ပေရှိသည့် ပုပ္ပားတောင်မကြီး၏ ရေဝေရေလဲဒေသများမှ စီးဆင်းလာသည့် တောင်ဇင်ချောင်းနှင့် ကျောက်ပုံချောင်းတို့မှ ရေများကို မြေသားတမံပိတ်၍ သိုလှောင်ထားခြင်းဖြစ်ပါသည်။ ကြက်မောက်တောင် ရေလှောင်တမံတည်ရှိရာ ဒေသသည် မိုးနည်းရေရှားဒေသဖြစ်သဖြင့် ဒေသခံပြည်သူများ သီးနှံစိုက်ပျိုးနိုင်စေရန်အတွက်လည်းကောင်း၊ သောက်သုံးရေရရှိရန်အတွက်လည်းကောင်း မိုးရာသီတစ်သီးကိုပင် ပင်ပန်းဆင်းရဲကြီးစွာ လုပ်ကိုင်ကြရပြီး နှစ်စဉ် သီးနှံအောင်မြင်ဖြစ်ထွန်းရန် ခက်ခဲသည့်အခြေအနေမှ ဤရေလှောင်တမံ တည်ဆောက်ခဲ့သည့်အတွက် ဒေသခံပြည်သူများအနေဖြင့် နှစ်စဉ် သီးထပ်၊ သီးညှပ် စိုက်ပျိုးနိုင်ခြင်း၊ လူ၊ ကျွဲ၊ နွား တိရစ္ဆာန်များအတွက် ရာသီမရွေး သောက်သုံးရေရရှိနိုင်ခြင်း၊ ဒေသတွင်း လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာစေခြင်းနှင့် ဒေသတွင်း စိမ်းလန်းစိုပြည်မှုကို အထောက်အကူပြုစေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိခံစားနေကြရပြီ ဖြစ်ပါသည်။

ကြက်မောက်တောင် ရေလှောင်တမံ တည်ဆောက်ရန်အတွက် ၁၉၅၇ – ၅၈ ခုနှစ်တွင် စူးစမ်းလေ့လာတိုင်းတာမှုများကို ရုရှားပါရဂူများနှင့် မြန်မာအင်ဂျင်နီယာများ ပူးတွဲဆောင်ရွက်ခဲ့ရပြီး ရေလှောင်တမံ တည်ဆောက်ခြင်းလုပ်ငန်းများကို ၁၉၆၁ ခုနှစ်မှစတင်၍ ကျွမ်းကျင်သူ ရုရှားပါရဂူများကို ငှားရမ်း၍ မြန်မာအင်ဂျင်နီယာများနှင့် ပူးပေါင်းအကောင်အထည်ဖော် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ရေလှောင်တမံအတွင်းသို့ အဓိကရေဝင်ချောင်းများဖြစ်သည့် တောင်ဇင်ချောင်းနှင့် ကျောက်ပုံချောင်းတို့၏ ရေဆင်းဧရိယာမှာ ၁၃၈ ဒသမ ၉၈ စတုရန်းမိုင်ရှိပြီး တမံအမျိုးအစားမှာ မြေသားတမံဖြစ်သည်။ တမံ၏အမြင့်မှာ ၁၁၂ ဒသမ ၅ ပေရှိ၍ အလျားမှာ ပေ ၈၅၀၀ ရှိပြီး ကန်ရေပြည့် ရေလှောင်ပမာဏမှာ ဧကပေ ၇၃၁၀၀ ဖြစ်သည်။ ကန်ရေသေရေလှောင်ပမာဏမှာ ဧကပေ ၃၁၀၀ဖြစ်ကာ ကန်ရေပြည့် ရေပြင်ကျယ်ဧရိယာမှာ ဧက ၁၈၀၀ ဖြစ်ပါသည်။

တမံတွင် အချင်း ၇ ပေရှိ၍ အလျား ၄၃၄ ပေရှိသည့် သံကူကွန်ကရစ် ရေထုတ်ပြွန်တစ်ခုပါဝင်ပြီး အကျယ် ပေ ၃၀၀၊ အလျား ပေ ၁၄၆၀ ရှိ၍ ဒီဇိုင်းရေထုစီးနှုန်း ကုဗပေ/စက္ကန့် ၁၃၂၀၀ ရှိသည့် ရေပိုလွှဲတစ်ခုပါဝင်သည်။ ယခုအချိန်အထိလည်း အဆိုပါရေပိုလွှဲမှ ရေကျော်ခဲ့ဖူးခြင်းမရှိကြောင်း သိရပါသည်။ တမံတည်ဆောက်မှုလုပ်ငန်းကို ၁၉၆၆–၁၉၆၇ ခုနှစ်တွင် အပြီးသတ်ဆောင်ရွက်နိုင်ခဲ့ပြီး ဆည်ရေသောက်စနစ်အတွက် တူးမြောင်းမကြီးနှစ်ခု(လက်ဝဲ/လက်ယာ) ပါဝင်၍ တူးမြောင်းမကြီးအလျားမှာ ၁၈ ဒသမ ၂၃ မိုင်ရှိပါသည်။

အဆိုပါမြောင်းမကြီးတွင် လက်တံမြောင်း ကိုးခု (အရှည် ၃၉ ဒသမ ၂၂ မိုင်) ပါဝင်ပြီး ဆည်ရေသောက်ဧရိယာ မြေဧက ၂၂၇၆၅ ဧကရှိသည်။ ကျောက်ပန်းတောင်းမြို့နယ်တွင် မိုးရွာသွန်းမှုအခြေအနေမှာ ပုံမှန်အားဖြင့် တစ်နှစ်လျှင် ပျမ်းမျှရက်ပေါင်း ၆၀

*စာမျက်နှာ ၁၇ သို့*

> **ကြက်မောက်တောင် ရေလှောင်တမံတည်ရှိရာ ဒေသသည် မိုးနည်းရေရှားဒေသဖြစ်သဖြင့် ဒေသခံပြည်သူများ သီးနှံစိုက်ပျိုးနိုင်စေရန်အတွက်လည်းကောင်း၊ သောက်သုံးရေရရှိရန်အတွက်လည်းကောင်း မိုးရာသီတစ်သီးကိုပင် ပင်ပန်းဆင်းရဲကြီးစွာ လုပ်ကိုင်ကြရပြီး နှစ်စဉ် သီးနှံအောင်မြင်ဖြစ်ထွန်းရန် ခက်ခဲသည့်အခြေအနေမှ ဤရေလှောင်တမံ တည်ဆောက်ခဲ့သည့်အတွက် ဒေသခံပြည်သူများအနေဖြင့် နှစ်စဉ် သီးထပ်၊ သီးညှပ် စိုက်ပျိုးနိုင်ခြင်း၊ လူ၊ ကျွဲ၊ နွား တိရစ္ဆာန်များအတွက် ရာသီမရွေး သောက်သုံးရေရရှိနိုင်ခြင်း၊ ဒေသတွင်း လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာစေခြင်းနှင့် ဒေသတွင်း စိမ်းလန်းစိုပြည်မှုကို အထောက်အကူပြုစေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိခံစားနေကြရပြီ**

*စာမျက်နှာ ၁၆ မှ*
ခန့်သာသာ ရွာသွန်းလေ့ရှိပြီး မိုးရေချိန်အားဖြင့် ၃၂ ဒသမ ၄၀ လက်မသာရှိသည်။ ၂၀၂၂ ခုနှစ်တွင် မိုးရွာရက် ၄၀ သာရှိပြီး မိုးရေချိန် ၃၈ ဒသမ ၇၀ လက်မရရှိကာ ၂၀၂၃ ခုနှစ်တွင် မိုးရွာရက် ၄၇ ရက် ရှိခဲ့ပြီး မိုးရေချိန်လက်မ ၃၅ ဒသမ ၁၉ လက်မ ရရှိကြောင်း သိရပါသည်။

မြို့နယ်အတွင်း အသားတင် စိုက်ပျိုးမြေဧကမှာ ၂၅၂၆၉၃ ဧကရှိသည်။ ၎င်းစိုက်ပျိုးမြေများတွင် လယ်မြေ ၂၄၄၈၂ ဧက၊ ယာမြေ ၂၂၇၇၉၇ ဧကနှင့် ကိုင်း၊ ကျွန်းမြေ ၄၁၄ ဧကရှိသည်။ တစ်မြို့နယ်လုံး၏ အသားတင် စိုက်ပျိုးမြေများအနက် ကြက်မောက်တောင် ဆည်ရေသောက်စနစ်ဖြင့် ၂၀၂၂-၂၀၂၃ ခုနှစ်တွင် မိုးစပါးဧက ၂၈၇၀၊ နွေစပါး ၅၀၄ ဧကနှင့် နွေနှမ်း ၁၆၅၃ ဧက စုစုပေါင်း ၅၀၂၇ ဧက စိုက်ပျိုးဖြစ်ထွန်းခဲ့ကြောင်း သိရပြီး ၂၀၂၃-၂၀၂၄ ခုနှစ်တွင် မိုးစပါး ၂၉၄၅ ဧက၊ နွေစပါး ၈၁၁ ဧကနှင့် ဆီထွက်သီးနှံအနေဖြင့် နွေနှမ်း ဧက ၂၃၅၀ နှင့် နေကြာ ၈၅ ဧက လျာထားစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**သီးထပ်စွမ်းအားများ တိုးတက်စေရေး**

စိုက်ပျိုးရေးထုတ်ကုန်ကို အဓိကအားထားရသည့် နိုင်ငံဖြစ်သည်နှင့်အညီ သီးနှံအထွက်တိုးရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ လိုအပ်ချက်များကိုလည်း ပံ့ပိုးဖြည့်ဆည်းပေးနိုင်ရန် လိုအပ်မည်ဖြစ်ပါသည်။ နိုင်ငံတော်အကြီးအကဲက ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၇ /၂၀၂၄) သို့တက်ရောက် အမှာစကားပြောကြားရာတွင် **“စိုက်ပျိုးရေးလုပ်ငန်းများတွင် ပန်းတိုင်ရည်မှန်းချက်များပြည့်မီစေရေး တွန်းအားပေးဆောင်ရွက်လျက်ရှိသော်လည်း ထိုက်သင့်သလောက် တိုးတက်မှုမရှိသေးကြောင်း၊ သီးနှံများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူများအနေဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ဒေသအလိုက် စံပြစိုက်ခင်းများ စိုက်ပျိုး၍ စံနမူနာပြ ဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ သီးထပ်စွမ်းအားများ တိုးတက်စေရေးအတွက်လည်း ဆောင်ရွက်သွားရန် လိုကြောင်း၊ ပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက ၎င်းနှင့် ဆက်စပ်သည့် ကုန်ထုတ်လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများပါ တိုးတက်လာပြီး နိုင်ငံ၏ GDP တိုးတက်မှုနှုန်း မြင့်မားလာမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားရေးအား တိုးတက်လာစေရေးနှင့် ကုန်ထုတ်လုပ်ငန်းများတွင် အင်ပြည့်အားပြည့် အလုပ်လုပ်ကိုင်နိုင်ရန် အတွက် ဝိုင်းဝန်းဆောင်ရွက်သွားကြရန် လိုကြောင်း”** ထည့်သွင်းပြောကြားခဲ့ပါသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ ကျောက်ပန်းတောင်းမြို့နယ်၏ ဒေသတွင်း နွေစပါး၊ မိုးစပါးနှင့် ဆီထွက်သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ကြက်မောက်တောင် ရေလှောင်တမံက အပြည့်အဝ အထောက်အကူပေးနိုင်ရေးနှင့် စိုက်ပျိုးမြေဧက တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သည့် ရေပေးမြောင်းမကြီးများ၊ လက်တံမြောင်းငယ်များ ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။





ထို့အပြင် ရာသီဥတုပြောင်းလဲလာမှုနှင့်အတူ ရေဝင်ရောက်မှု နည်းပါးလာခြင်းတို့ကြောင့် ကြက်မောက်တောင် ရေလှောင်တမံအား ရေကူ/ရေဖြည့်ဆောင်ရွက်ပေးနိုင်ရန်အတွက် ကျောက်ပန်းတောင်းမြို့နယ်စပ် နတ်မောက်မြို့နယ် ကျောက်တံခါးကျေးရွာအနီးရှိ ကျောက်တံခါး ရေလှောင်တမံ စီမံကိန်းကို ၂၀၀၁ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ရာ ၂၀၀၄ ခုနှစ်တွင် ဖွင့်လှစ်နိုင်ခဲ့ပြီး ရေကူမြောင်းအဖြစ် ၁၃ ဒသမ ၂၅ မိုင်အရှည်ရှိ ကျောက်တံခါး - တောင်ရေ ဆက်သွယ်ရေးတူးမြောင်းလုပ်ငန်းကို ၂၀၀၅ ခုနှစ်တွင် ပြီးစီးခဲ့ပါသည်။

ကျောက်တံခါး - တောင်ရေ ရေကူမြောင်းကြီးမှလည်း ကြက်မောက်တောင် ဆည်ရေပြည့်မီရေးအားဖြည့်ဆောင်ရွက်ပေးနိုင်ရန်အတွက် လိုအပ်သည့် မြောင်းပြုပြင်မှုလုပ်ငန်းများကို ၂၀၁၉ ခုနှစ်တွင် ဆောင်ရွက်ခဲ့ပြီး ရေကူ ရေဖြည့်ခြင်းများ ဆောင်ရွက်ခဲ့ရာ ရေကူပမာဏအားဖြင့် ၂၀၂၀ ပြည့်နှစ်တွင် ဧကပေ ၃၆၀၀၊ ၂၀၂၁ ခုနှစ်တွင် ဧကပေ ၁၀၄၀၀၊ ၂၀၂၂ ခုနှစ်တွင် ဧကပေ ၁၆၀၀၀ နှင့် ၂၀၂၃ ခုနှစ်တွင် ၁၄၄၁၆ ဧကပေ ရေကူဖြည့်သွင်းပေးနိုင်ခဲ့ကြောင်း သိရပါသည်။

ကျောက်တံခါး - တောင်ရေ ရေကူမြောင်းမှ ရေဝင်ဖြည့်တင်းမှု ကောင်းလျှင် ကောင်းသလို ကြက်မောက်တောင်ရေလှောင်တမံတွင် ရေများပိုမိုသိုလှောင်ထိန်းသိမ်းထားနိုင်မည်ဖြစ်ပြီး စိုက်ပျိုးမြေဧကအားလုံးကို ပြည့်မီစွာ ရေပေးဝေနိုင်မည့်အပြင် စိုက်ပျိုးမြေ တိုးချဲ့စိုက်ပျိုးနိုင်ရေးကိုလည်း ပိုမိုအထောက်အကူပြုမည်ဖြစ်ပါသည်။

**ကျောက်ပန်းတောင်းမြို့နယ်၏ ဒေသတွင်း နွေစပါး၊ မိုးစပါးနှင့် ဆီထွက်သီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် ကြက်မောက်တောင် ရေလှောင်တမံက အပြည့်အဝ အထောက်အကူပေးနိုင်ရေးနှင့် စိုက်ပျိုးမြေဧက တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သည့် ရေပေးမြောင်းမကြီးများ၊ လက်တံမြောင်းငယ်များ ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိ**

ကြက်မောက်တောင် ရေလှောင်တမံ၏ ဆည်ရေသောက်စနစ်တွင် သီးနှံစိုက်ပျိုးဧရိယာများ တိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ပြည့်မီစေရေးတို့အတွက် လက်ဝဲမြောင်း ကတ- ပေ ၂၆၀၀ မှ ပေ ၃၆၀၀ အထိကို ယခင်က ရေကုဗပေ ၄၀ ခန့်သာ သယ်ယူနိုင်သဖြင့် ရေကုဗပေ ၁၀၀ ခန့် သယ်ယူနိုင်ရန် အကြီးစားပြုပြင်ခြင်းလုပ်ငန်းများ အပါအဝင် အခြားပြုပြင်ခြင်းလုပ်ငန်းများကို လည်းကောင်း၊ လက်ယာတူးမြောင်းတွင် ယခင်က ရေပေးဝေနိုင်ခြင်းမရှိသော လက်တံ(၁) တူးမြောင်း ကတ- ပေ ၈၀၀၀ မှ ကတ- ပေ ၃၀၀၀၀ အထိ အကြီးစား ပြုပြင်ခြင်းနှင့် အခြားပြုပြင်ခြင်းလုပ်ငန်းများကို လည်းကောင်း ဆောင်ရွက်ရန် လျာထားလျက်ရှိကြောင်းသိရပြီး ဆောင်ရွက်ပြီးစီးပါက တမံအတွင်း ရေဝင်ရောက်မှုအပေါ် မူတည်၍ စိုက်ဧက ၄၀၀၀ ခန့် ပိုမိုတိုးချဲ့ စိုက်ပျိုးသွားနိုင်မည်ဖြစ်ကြောင်း သိရပါသည်။

**ခေတ်မီနည်းစနစ်များ ပြောင်းလဲစိုက်ပျိုးနိုင်ရေး**

တောင်သူများအတွက် စိုက်ပျိုးသီးနှံ အောင်မြင်ဖြစ်ထွန်းရေးသည် သဘာဝကပေးသည့် မိုးကိုမျှော်ကိုးကာ သမားရိုးကျနည်းအတိုင်း ဆောင်ရွက်နေရုံဖြင့် သီးနှံထုတ်ကုန်များ ရည်မှန်းသလောက် ရရှိနိုင်မည်မဟုတ်ဘဲ အထက်က တင်ပြခဲ့သည့်အတိုင်း မျိုး၊ မြေ၊ ရေ၊ နည်းဟူသည့် အချက်များအပေါ် မူတည်၍ လုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်ရာ ရာသီဥတုနှင့်ကိုက်ညီ၍ အထွက်နှုန်းကောင်းသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေးနှင့် ပြောင်းလဲလာသည့် ခေတ်နှင့်အညီ ခေတ်မီနည်းစနစ်များ ပြောင်းလဲစိုက်ပျိုးနိုင်ရေးတို့ကို စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ပြင် စိုက်ပျိုးရေရရှိရေးအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဆည်မြောင်း၊ ကန်၊ ချောင်းနှင့် ရေဝေရေလဲပြုပြင်မှုလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်လျက်ရှိပြီး မိုးရွာသွန်းမှုနှင့် ရေဝင်ရောက်မှုအပေါ် မူတည်၍ ကြက်မောက်တောင် ရေလှောင်တမံမှတစ်ဆင့် စိုက်ပျိုးရေလိုအပ်ချက်ကို ဖြည့်ဆည်းပေးလျက်ရှိပါသည်။

တောင်သူများအနေဖြင့် မိမိတို့စိုက်ပျိုးမည့် လယ်ယာမြေကို မြေဆီမြေနှစ် ကောင်းမွန်အောင် သဘာဝမြေဩဇာများကို အားထားအသုံးပြု၍ ဝီရိယထား စိုက်ပျိုးကြမည်ဆိုပါက မျိုး၊ မြေ၊ ရေ၊ နည်း ပြည့်စုံမည်ဖြစ်ရာ မိမိတို့စိုက်ပျိုးသည့် မိုးစပါး၊ နွေစပါးနှင့် ဆီထွက်သီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိရေးမှာလည်း မြေကြီးလက်ခတ်မလွဲပင် ဖြစ်ပါသည်။ မိမိတို့ဒေသအတွင်း စားရေရိက္ခာဖူလုံ၍ နေကြာ၊ ပဲ၊ နှမ်းတို့ကို နွေ၊ မိုး၊ ဆောင်း ရာသီအလိုက် သီးထပ်၊ သီးညှပ်စိုက်ပျိုးခြင်းဖြင့် ဒေသတွင်း ဖူလုံရုံသာမက ပြည်တွင်းစားသုံးဆီ ဖူလုံရေးကိုပါ အထောက်အကူပြုနိုင်မည်ဖြစ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်(၉)ရပ် အနက် စီးပွားရေးဦးတည်ချက်တွင် ပါဝင်သည့် ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေးဟူသည့် ဦးတည်ချက်ကိုပါ တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း မင်္ဂလာသတင်းကောင်းပါး ရေးသားတင်ပြလိုက်ရပါသည်။ ။

# ဒေးစွန်ပါ တောင်တက်ပွဲတော် စည်စည်ကားကားနဲ့ ဖူးမြော်

ယဉ်လာဒ်

**မြန်မာပြည်မှာ ပြည်နယ်နဲ့တိုင်းအလိုက် ထင်ရှားလှတဲ့ စေတီပုထိုးများရဲ့ ဘုရားပွဲတော်တွေ ရှိကြပါတယ်။ ဒီတစ်ပတ်မှာတော့ ပဲခူးတိုင်းဒေသကြီးအတွင်းက အထင်ကရဘုရားတစ်ဆူဖြစ်တဲ့ ဒေးစွန်ပါဘုရားကြီးရဲ့တောင်တက်ပွဲတော်(သို့) ယုံကြည်သူတွေ ခေါ်ဝေါ်ကြတဲ့ သိုက်ပွဲတော် အကြောင်း ရေးသားဖော်ပြချင်ပါတယ်။**



ထင်ရှားကျော်ကြားလှတဲ့ ဘုရားစေတီတိုင်းမှာ ဗုဒ္ဓပူဇနိယပွဲတော်ကို တစ်နှစ်တစ်ကြိမ် ပူဇော်ကျင်းပလေ့ရှိကြတာမှာ ဗုဒ္ဓပူဇနိယပွဲတော်အပြင် ရှေးအစဉ်အလာအရ ရိုးရာယုံကြည်မှု ကိုးကွယ်ယုံကြည်ကြတဲ့ ( သိုက်ပွဲတော်) ကိုပါ ကျင်းပလေ့ရှိကြတာကလည်း ဒေးစွန်ပါစေတီတော်မြတ်ကြီးရဲ့ ထူးခြားချက် ဖြစ်ပါတယ်။

"နှစ်တိုင်းမပျက် ပွဲတော်ကာလကို ကျင်းပခဲ့ပါတယ်။ သိုက်ပွဲတော်ကတော့ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်ကနေ ၈ ရက်အထိ အောက်တိုဘာ ၂၄ ရက်ကနေ ၂၅ ရက်အထိ ကျင်းပခဲ့ပါတယ်။ မြောက်ခြမ်းနဲ့တောင်ခြမ်းက ခရီးသွားတွေ လာရောက်ကြတယ်" လို့ ဒေးစွန်ပါဘုရားဂေါပကဥက္ကဋ္ဌ ဦးအောင်ညိုက ပြောပါတယ်။

ပဲခူးမြို့နယ် ဝမ်းဘဲအင်းကျေးရွာအနီး တည်ထားကိုးကွယ်ထားတဲ့ သမိုင်းဝင်ဆံတော်ရှင် ဒေးစွန်ပါစေတီတော်မြတ်ကြီး ဖြစ်ပါတယ်။ ပဲခူးမြို့ကနေ ဝမ်းဘဲအင်းကျေးရွာအထိ ၁၅ မိုင်ခန့် ကွာဝေးပြီး ဝမ်းဘဲအင်းကျေးရွာမှ ဒေးစွန်ပါတောင်ခြေအထိ သုံးမိုင် ကွာဝေးပါတယ်။

ဒေးစွန်ပါဘုရား တောင်တက်ပွဲတော်လို့ ခေါ်ဝေါ်ကြပေမယ့် ဒေသခံတွေကတော့ သိုက်ပွဲတော်လို့ ယုံကြည်သူများက ခေါ်ဆိုကြပါတယ်။

"သီတင်းကျွတ်လပြည့်ကျော် ၇ ရက်နေ့ဆိုရင် ဝမ်းဘဲအင်းရဲ့ မြောက်ခြမ်းဘက်မှာနေထိုင်ကြတဲ့ (ဒိုက်ဦး၊ ရွှေကျင်၊ ညောင်လေးပင်) ဘက်ခြမ်းက ဒေသခံတွေ လာကြတယ်။ လပြည့်ကျော် ၈ ရက်နေ့ဆိုရင် ဝမ်းဘဲအင်းရဲ့ တောင်ခြမ်းဘက်မှာနေထိုင်ကြတဲ့ (ပဲခူး၊ ဝေါ၊ ကဝ၊ သနပ်ပင်)ခြမ်းက ဒေသခံတွေ လာကြတယ်။ သီတင်းကျွတ်မှာ ဘုရားလာကန်တော့ကြတဲ့ သဘောမျိုးပါ။ အိုးစည်တွေနဲ့တီးမှုတ်ပြီး လာရောက်ကာ တောင်တက်ကြပါတယ်။ နှစ်ပေါင်း ၂၀ ကျော်လာပါပြီ။ ဖုန်းမရှိခင်တုန်းကတော့ အချင်းချင်း တစ်ရွာနဲ့တစ်ရွာ ဆော်ဩကြပြီး ချိန်းကြတယ်။ ဘုရားဖူးခရီးသွားတွေနဲ့ စည်ကားလှတဲ့ ပွဲတော်ဖြစ်ပါတယ်"လို့ ပွဲတော်ဖြစ်တည်လာပုံ အကြောင်းကို ဒေးစွန်ပါဂေါပကဥက္ကဋ္ဌက ပြောပါတယ်။

သီတင်းကျွတ်လပြည့်ကျော် ၈ ရက် အောက်တိုဘာ ၂၅ ရက်မှာ သမိုင်းဝင် ဒေးစွန်ပါစေတီတော်မြတ်ကြီးမှာ ရှိကြတဲ့ သိုက်နန်းရှင် အစ်ကိုတော်၊ အစ်မတော်များရဲ့ တောင်တက်ပွဲနေ့လို့ သတ်မှတ်ထားကြပါတယ်။ ထူးခြားလှတဲ့နေ့လို့ ဒေသခံတွေက ယုံကြည်ထားတဲ့ နေ့ထူးနေ့မြတ်ဖြစ်ပါတယ်။ တောင်တက်စောင်းတန်းတစ်လျှောက် ခရီးသွားများ လာရောက်သူအများဆုံးနေ့လို့ ဆိုပါတယ်။

"တန်ဆောင်မုန်း လပြည့်နေ့ကျရင် ဒေးစွန်ပါဘုန်းကြီးကျောင်း ကထိန်တပို့တွဲလပြည့်နေ့ဆိုရင် ဒေးစွန်ပါဘုရားကြီးရဲ့ ဘုရားပွဲတော်ဖြစ်ပါတယ်။ နှစ်တိုင်းမပျက် ကျင်းပလာခဲ့တာပါ။ အလွန်အင်မတန်စည်ကားလှတဲ့ ပွဲတော်တွေဖြစ်ပါတယ်"လို့ သိရပါတယ်။

တောင်တက်ပွဲ အစ်မတော်များနေ့မှာ သိုက်ချုပ်ကန်တော့ပွဲ၊ ဘုရားပွဲ၊ ဝိဇ္ဇာပွဲနှင့် သိုက်ပွဲစသည်ဖြင့် ယုံကြည်ကိုးကွယ်သူတွေက လာရောက်ကန်တော့ကြတာဖြစ်ပါတယ်။ တိုးမပေါက်အောင် စည်ကားလှပါတယ်။

ဒါ့ပြင် ပဲခူးတိုင်းဒေသကြီးအတွင်းကို ပြည်တွင်းခရီးသွားဧည့်သည်တွေ လာရောက်လည်ပတ်နိုင်စေဖို့ ခရီးသွားဖိုရမ်ကိုလည်း မကြာမီ ကျင်းပရန် စီစဉ်သွားဖို့ရှိတယ်လို့ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန(ပဲခူးတိုင်းတာဝန်ခံ) ကလည်း စာရေးသူကို ပြောပါတယ်။

ဒါကြောင့်မို့ ရန်ကုန်မြို့နဲ့လည်း မဝေးလှဘဲ ပဲခူးတိုင်းဒေသကြီးအတွင်းက ထင်ရှားလှတဲ့ ဒေးစွန်ပါစေတီတော်မြတ်ကြီးဆီကို သွားရောက်ဖူးမြော်နိုင်စေဖို့ ဒီတစ်ပတ်ရဲ့ ခရီးသွားလမ်းညွှန်အနေနဲ့ ဖော်ပြလိုက်ရပါတယ်။ ။

**သီတင်းကျွတ်လပြည့်ကျော် ၈ ရက် အောက်တိုဘာ ၂၅ ရက်မှာ သမိုင်းဝင် ဒေးစွန်ပါစေတီတော်မြတ်ကြီးမှာရှိကြတဲ့ သိုက်နန်းရှင် အစ်ကိုတော်၊ အစ်မတော်များရဲ့ တောင်တက်ပွဲနေ့လို့ သတ်မှတ်ထားကြပါတယ်။ ထူးခြားလှတဲ့နေ့လို့ ဒေသခံတွေက ယုံကြည်ထားတဲ့ နေ့ထူးနေ့မြတ် ဖြစ်ပါတယ်။ တောင်တက်စောင်းတန်းတစ်လျှောက် ခရီးသွားများ လာရောက်သူအများဆုံးနေ့လို့ ဆိုပါတယ်**







ဒေးစွန်ပါစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်သို့ လာရောက်ကြသည့် ဘုရားဖူးများအား စတုဒိသာများ ကျွေးမွေးလှူဒါန်းမှုနှင့် တိုးနရားအကဖြင့် ဖျော်ဖြေမှု။

# တောင်တွင်းကြီးမြို့နယ်၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်နှင့် စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကျင်းပ

**တောင်တွင်းကြီး အောက်တိုဘာ ၂၆**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၅ ရက်က တောင်တွင်းကြီးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ပွဲတော်မုခ်ဦးကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ အနောက်ပိုင်းလေတပ်ကွပ်ကဲမှု ဌာနချုပ်မှူး ဗိုလ်မှူးချုပ် သိန်းထွန်းဦးနှင့် လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျောင်းအတွင်း ခင်းကျင်းပြသထားသည့် ဌာနဆိုင်ရာပြခန်းများ၊ ဂိမ်းကစားပြိုင်ပွဲများနှင့် စာအုပ်အရောင်းဆိုင်များ၊ တောင်တွင်းကြီးဒေသထွက်ကုန် ပဲကြော်၊ ပဲလှော်လုပ်ငန်းများကို လှည့်လည်ကြည့်ရှုအားပေးပြီး ကျောင်းသား ကျောင်းသူများအား စားသောက်ဖွယ်ရာများ ဝေငှပေးသည်။

ဆက်လက်၍ အဆိုပါကျောင်းရှိ ပေလေးပင်ခန်းမ၌ ကျောင်းသား ကျောင်းသူများက တေးသီချင်းများဖြင့် ဖျော်ဖြေသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က နောင်တစ်ခေတ်၏ ခေါင်းဆောင်များဖြစ်လာကြမည့် လူငယ်မောင်မယ်များ ဗလငါးတန်ပြည့်စုံနိုင်ရေး စာပေလေ့လာဖတ်ရှုရန် လိုအပ်ကြောင်း၊ စာတတ်ရုံ၊ အသိပညာပြည့်ဝရုံသာမက စဉ်းစားတွေးခေါ်ဉာဏ်နှင့် အသိပညာပြည့်ဝသည့် လူငယ်များ ပေါ်ထွက်လာစေရေးအပြင် ပညာဗဟုသုတပြည့်စုံကြွယ်ဝရေး အလွယ်ကူဆုံးနှင့် အထိရောက်ဆုံး ဆောင်ရွက်နိုင်သည့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်းများကိုလည်း တာဝန်ရှိသူများက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။



မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင် ကျောင်းသား ကျောင်းသူများ၏ သရုပ်ပြသမှုကို ကြည့်ရှုအားပေးစဉ်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က စာရေးဆရာတင်လင်းဇော်အား အမှတ်တရလက်ဆောင်ပေးအပ်ပြီး ကျောင်းစာကြည့်တိုက်အတွက် လူထုသိပ္ပံ အတွဲ (၁၊၂၊၃)၊ သုတ၊ ရသ စာအုပ်စာစောင်များလှူဒါန်း၍ သီဆိုဖျော်ဖြေခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ ကျပန်းစကားပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲတွင် ဆုရရှိသူများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် အထက်တန်းနှင့် အလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ မူလတန်းအဆင့် ကဗျာရွတ်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲနှင့် စာဖတ်ဝိုင်းများအပြင် ဌာနဆိုင်ရာပြခန်းများ၊ စာအုပ်အရောင်းဆိုင်များ၊ ဂိမ်းကစားပြိုင်ပွဲများကို ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် တောင်တွင်းကြီးမြို့နယ် ဝက္ကသေးကျေးရွာရှိ တက်နေဝန်းစာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

အဆိုပါ တက်နေဝန်းစာကြည့်တိုက် အဆောက်အအုံသစ်ကို နိုင်ငံတော်နှင့် ပြည်သူများမှ စုစုပေါင်းငွေကျပ်သိန်း ၁၅၀ ဖြင့် ဖြည့်ဆည်းတည်ဆောက်ခဲ့ပြီး မကွေးတိုင်းဒေသကြီးတွင် ဖွင့်လှစ်မည့် စာကြည့်တိုက်အဆောက်အအုံသစ် ၂၁ ခုအနက် ယခု စာကြည့်တိုက်အပါအဝင် ခြောက်တိုက်ကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်သည်။

မြို့နယ်(ပြန်/ဆက်)

## သထုံမြို့နယ်၌ စုပေါင်းသွေးလှူဒါန်း

**သထုံ အောက်တိုဘာ ၂၆**

မွန်ပြည်နယ် သထုံမြို့နယ်၌ (၃၆)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် သထုံခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ စုပေါင်း သွေးလှူဒါန်းခြင်းကို အောက်တိုဘာ ၂၅ ရက်က ခရိုင်ပြည်သူ့ဆေးရုံကြီး၌ ပြုလုပ်သည်။



စုပေါင်း သွေးလှူဒါန်းရာသို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲနိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေဝင်း၊ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးကာ သွေးလှူဒါန်းကြသည့် ဝန်ထမ်းများထံ အားဆေး၊ အချိုရည်၊ ကြက်ဥ၊ ငှက်ပျောသီး စသည့် အာဟာရဖြည့်စွက်စာတို့ကို ထောက်ပံ့ပေးအပ်သည်။

သွေးလှူဒါန်းရာတွင် သထုံခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာရှိနှင့် အခြားအဆင့်ဝန်ထမ်း စုစုပေါင်း ၁၃ ဦးတို့က စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

ခရိုင်
(ပြန်/ဆက်)

## ခရမ်းမြို့နယ်ရှိ ကျေးရွာသုံးရွာ၌ သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်

**ရန်ကုန် အောက်တိုဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင်ကွပ်ကဲမှုအောက်ရှိ ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေကန်ခြံစည်းရိုးကာရံခြင်းနှင့် ဆက်စပ်လုပ်ငန်းများ မက္ကသံကျေးရွာ၊ ရေကျော်ကျေးရွာနှင့် ဘိုကလေးကျေးရွာတို့၌ ဆောင်ရွက်လျက်ရှိသည်။

ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးကြူ၊ မြို့နယ်ဦးစီးမှူး ဒေါ်ထားထားနိုင်နှင့် ဝန်ထမ်းများသည် ကျေးလက်ရေရရှိရေးအတွက် မက္ကသံကျေးရွာတွင် အရှည်ပေ ၁၆၀၀၊ အမြင့် ငါးပေနှင့် ရေကျော်ကျေးရွာတွင် အရှည်ပေ ၁၄၂၀၊ အကျယ် ငါးပေရှိ ရေကန်ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် ဘိုကလေးကျေးရွာတွင် အရှည်ပေ ၉၉၀ အကျယ် ငါးပေရှိ ရေကန်ခြံစည်းရိုးကာရံခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ရေပေးရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကျေးရွာသုံးရွာ၌ ရေကန်ခြံစည်းရိုးကာရံခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ပြည်ထောင်စု၊ တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေများဖြင့် တင်ဒါအောင်မြင်သောကုမ္ပဏီများက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါလုပ်ငန်းများအားလုံး၏ ၆၇ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

JJJ



## အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM) ဖြင့် ဆက်လက်ဖြေရှင်းဆောင်ရွက်လျက်ရှိ တိုင်ကြားသူနှင့် အဓမ္မခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်

မြန်မာနိုင်ငံသည် ၄-၃-၁၉၅၅ ခုနှစ်တွင် အဓမ္မခိုင်းစေမှုဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၂၉ ကို လက်ခံကျင့်သုံး လိုက်နာဆောင်ရွက်ခဲ့ပြီး အဓမ္မခိုင်းစေမှုပပျောက်စေရေးဆောင်ရွက်ရာ၌ မြန်မာနိုင်ငံအစိုးရကို ပိုမိုထိရောက်စွာအထောက်အကူပြုနိုင်ရန် ၂၀၀၂ ခုနှစ်တွင် ILO ဆက်သွယ်ရေးအရာရှိတစ်ဦးကို မြန်မာနိုင်ငံတွင် လက်ခံထားရှိရန် မြန်မာနိုင်ငံအစိုးရနှင့် ILO တို့အကြား နားလည်မှုစာချွန်လွှာတစ်ရပ် (Memorandum of Understanding–MoU) ကို လက်မှတ်ရေးထိုးခဲ့သည်။

နောက်ဆက်တွဲ နားလည်မှုစာချွန်လွှာ (Supplementary Understanding–SU) ကို ၂၀၀၇ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (Complaints Mech–anism) ထူထောင်ကာ တိုင်ကြားချက်များကို လက်ခံဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaints Mechanism–NCM) ကို ၂၀၂၀ ပြည့်နှစ်တွင်ထူထောင်ပြီး လည်ပတ်ဆောင်ရွက်ခဲ့ရာတွင် အလုပ်သမားဝန်ကြီးဌာနအပါအဝင် သက်ဆိုင်သည့်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်၊ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသော အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားအကောင်အထည်ဖော်ရေး အမျိုးသားကော်မတီမှ အဓမ္မခိုင်းစေမှုတိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။

ဤကဲ့သို့ အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားချက်များကို အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Com–plaints Mechanism–NCM) မှ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ မည်သူမဆို အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ILO ဆက်သွယ်ရေးအရာရှိရုံး(ရန်ကုန်)နှင့် အခြားအဖွဲ့အစည်းများမှတစ်ဆင့် လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန၊ ရုံးအမှတ်(၅၁)၊ နေပြည်တော်သို့ လူကိုယ်တိုင် (သို့မဟုတ်) စာဖြင့်လည်းကောင်း၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၁၈၄၊ ၀၆၇-၃၄၃၀၂၂၉၊ ၀၆၇-၃၄၃၀၂၇၄ နှင့် E-mail လိပ်စာ directorgeneral.dol@gmail.com, moloffice51@gamil.com, research. org.dol.mm@gmail.com များသို့လည်းကောင်း တိုင်ကြားသူနှင့် အဓမ္မခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း ရုံးအဖွဲ့၊ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားနှင့် အလုပ်သမားဝန်ကြီးဌာနမှ အသိပေးကြေညာထားသည်။

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ပဲခူးတိုင်းဒေသကြီးအတွင်း အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲကျင်းပ



**တောင်ငူ အောက်တိုဘာ ၂၆**

ပဲခူးတိုင်းဒေသကြီးအတွင်း အခွန်ဘဏ္ဍာငွေ ပိုမိုတိုးတက်ရရှိစေရေး၊ ပြေစာများအပေါ် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ဆောင်ရွက်စေရေး၊ အခွန်ကြွေးကျန်များ၊ အခွန်တိမ်းရှောင်မှုနှင့် အခွန်လွတ်ကင်းမှုမရှိစေရေး အခွန်ပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက တောင်ငူမြို့ ခပေါင်းခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်ဦးက စားသောက်ဆိုင်များတွင် ပြေစာတောင်းယူနိုင်ရန်အတွက် စားသုံးသူမိဘပြည်သူများသို့ အသိပေးနှိုးဆော်စာကြော်ငြာဗီနိုင်းများ ကပ်ထားပြီးဖြစ်ကြောင်း၊ ပြေစာရရှိသော်လည်း အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားမှု မရှိခြင်းများတွေ့ရှိပါက အထောက်အထားနှင့်အတူ နီးစပ်ရာ အခွန်ရုံးသို့ တိုင်ကြားနိုင်ကြောင်း၊ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ပုံဖော် ပြောင်းလဲနိုင်ရန်အတွက် တာဝန်သိသိ အခွန်ကို လိုလားစွာပေးဆောင်ကြရန် အခွန်ထမ်းပြည်သူများက ဝိုင်းဝန်းပူးပေါင်းကူညီ ဆောင်ရွက်ပေးကြရန် ပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးပြည့်ဖြိုးအောင်က အခွန်ဆိုင်ရာ သိမှတ်ဖွယ်ရာများအကြောင်း ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသော အခွန်ထမ်းပြည်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **ဇော်ကိုကို (တောင်ငူ)**

# တိုက်ကြီးမြို့နယ် သမဝါယမအသင်း နှစ်ပတ်လည်စည်းဝေး

**ရန်ကုန် အောက်တိုဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် သမဝါယမ အသင်းစုလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးကို အောက်တိုဘာ ၂၆ ရက် နံနက်ပိုင်းက အဆိုပါအသင်းစုလီမိတက်ရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးစိန်မြင့်နှင့် ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ဥမ္မာမြင့်တို့က အမှာစကားပြောကြားပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဒေါ်ယုယုမိုးက ဖတ်ကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ဥမ္မာမြင့်က အသင်းသားများထံသို့ အစုပေါ်အမြတ်ငွေကျပ် ၃၄၂၀၀၀၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ပြန်/ဆက်)**



# ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၂၆**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်း၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

# ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

**နေပြည်တော် အောက်တိုဘာ ၂၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံစုစုပေါင်း ၁၂ ခုရှိရာ အောက်တိုဘာ ၂၆ ရက်တွင် ပေါင်းလောင်းရေလှောင်တမံ၌ HED ရေတံခါးအချပ် ၂၀ ထောင်ထားသဖြင့် ရေပိုလွှဲမှ ရေကျော်စီးဆင်းမှု မရှိတော့ဘဲ ရေပိုမိုသိုလှောင်ထားသည်။

အဆိုပါ ရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများကို ၂၄ နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိပြီး စိုးရိမ်ရန်မရှိကြောင်း သိရသည်။

**သတင်းစဉ်**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

ရက်စွဲ - ၂၆.၁၀.၂၀၂၄
(၆ : ၀၀) နာရီ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

**အကြောင်းအရာ ။ ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။**

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၂၆.၁၀.၂၀၂၄)နေ့ရှိ | | | ယနေ့ ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန် လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေ ပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၁၇၀၆၉ | ၆၂၅.၁၂ | ၅၅၆၈၅၃ | ၁၈၅၆၃ (လျှပ်စစ်) ထုတ်ရေ) | - | - | - | - | - | ၆၂၅.၄၈ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | ၁၃ | ၆၂၇.၆၅ | ၂၈၇၆၁ | - | ၇.၃၅ | ၇၇၃၉ | - | - | - | ၆၂၇.၆၅ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၄၀ | ၅၁၉.၁၀ | ၈၉၃၁၃ | - | ၀.၉၀ | ၂၄၅၇ | - | - | - | ၅၁၉.၁၀ |
| ၄ | ဖောင်းလောင်တမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | ၉ | ၅၀၉.၇၀ | ၁၀၅၅၆ | ၁ | ၂.၃၀ | ၁၇၀၁ | - | - | - | ၅၀၉.၇၀ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၃၁၆ | ၄၃၇.၇၉ | ၆၉၃၇၀ | ၂၈၄ | ၁.၂၁ | ၃၆၃၀ | - | - | - | ၄၃၇.၇၉ |
| ၆ | ငလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၃၄ | ၅၃၄.၉၅ | ၇၄၇၉၉ | - | ၀.၀၅ | ၂၀၁ | - | - | - | ၅၃၄.၉၅ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၁ | ၄၁၅.၇၇ | ၇၄၅၉ | ၁၁ | ၂.၂၃ | ၁၂၅၉ | - | - | - | ၄၁၅.၈၁ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၄၉ | ၇၀၃.၇၂ | ၁၀၈၆၃၂ | ၂ | ၆.၂၈ | ၃၄၄၅၈ | - | - | - | ၇၀၃.၇၂ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | ရေတိုက်စား | | | | | | | | - | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၁၁၃ | ၆၀၁.၉၀ | ၄၉၅ | ၆၁ | ၀.၁၀ | ၅ | - | - | ၀.၃၀ | ၆၀၁.၉၀ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၃၇ | ၈၆၃.၄၅ | ၁၀၁၁၅ | ၂၈ | ၆.၅၅ | ၄၄၈၅ | - | - | - | ၈၆၃.၄၅ |
| ၁၂ | တောက်ပြုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၂ | ၆၇၄.၀၀ | ၁၈၃၈ | ၁ | ၅.၀၀ | ၆၅၃ | - | - | - | ၆၇၄.၀၀ |

မှတ်ချက် - ပေါင်းလောင်းတမံတွင် HED ရေတံခါးရှက် အချပ် ၂၀ ထောင်ထားပါသည်။

# ပေါင်မြို့နယ်၌ ခြေတုတပ်ဆင်ထားသူ ၄၉ ဦး၏ ခြေတုများကို ပြုပြင်ပေး

**ရန်ကုန် အောက်တိုဘာ ၂၆**

မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီတို့ ပူးပေါင်းဆောင်ရွက်သော ဘားအံ ခြေတုလက်တုဆိုင်ရာ ပြန်လည်သန်စွမ်းရေးဌာနမှ နယ်လှည့်ကွင်းဆင်းဆောင်ရွက်သည့် အစီအစဉ်ကို ယမန်နေ့က မွန်ပြည်နယ် ပေါင်မြို့နယ်၌ ပြုလုပ်သည်။

မြို့နယ်အတွင်း ခြေတုတပ်ဆင်ထားသူ ၄၉ ဦး၏ ခြေတုများကို ပြုပြင်ပေးခဲ့ပြီး အကြီးစားပြင်ဆင်ရန်နှင့် အသစ်ပြုလုပ်ရန် လိုအပ်သူများအား ဘားအံ ခြေတုလက်တု ပြန်လည်သန်စွမ်းရေးဌာနသို့ ညွှန်းပို့ခြင်းကို ပေါင်မြို့နယ် ကြက်ခြေနီအသင်းခွဲရုံး၌ ဆောင်ရွက်ပေးခြင်းဖြစ်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဘားအံ ခြေတုလက်တုပြန်လည်သန်စွမ်းရေးဌာနမှ ဝန်ထမ်းခုနစ်ဦးနှင့် ပေါင်မြို့နယ် ကြက်ခြေနီအသင်းခွဲမှ ကြက်ခြေနီစေတနာ လုပ်အားရှင် ၂၀ တို့က ရပ်ရွာလူထုနှင့် ပူးပေါင်းကူညီဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# တာချီလိတ်မြို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၆**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၄ ရက်က တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက်တွင် ကျမော် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်ခွကြားရှိ ဆာလာအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ကျမော်(၂၉)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ကျမော်အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။




ထွန်းလွင်အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# ရပ်စောက်မြို့၌ ငွေကျပ် ၁၂၂၃ သိန်းတန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၆**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၄ ရက်က ရပ်စောက်မြို့ ဗထူးရပ်ကွက်တွင် ထွန်းလွင် မောင်းနှင်လာသည့် TOYOTA LANDCRUISER PRADO အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေး ရှာဖွေရာ ယာဉ်၏ဆီတိုင်ကီအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၃၈၀၀၀၊ ဘိန်းဖြူသုည ဒသမ ၂၂ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ထွန်းလွင်(၅၁)နှစ်အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**အားကစားမြင့်တင် စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**

■ *ကျောဖုံးမှ*

စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စက်ယန္တရားအပိုပစ္စည်းရှစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်းသုံးမျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၆၆၆၇၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးခရိုင်နှင့် သရက်ခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်ငါးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အောက်တိုဘာ ၂၅ ရက်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ (၂၁)မိုင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မြစ်ကြီးနားမြို့မှ နမ္မတီးမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၅၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan AD Van တစ်စီးနှင့် Hiace Mini Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၈၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ထီလုံ-ဘားအံလမ်းရှိ ခမရ (၂၀၂) စစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်ငါးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၁၅ မျိုး၊ လုပ်ငန်းသုံးပစ္စည်းငါးမျိုး၊ လူသုံးကုန်ပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၇၂၃၂၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Probox နှစ်စီး၊ Mitsubishi Canter Truck တစ်စီး၊ Forland Dump Truck တစ်စီး၊ Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၁၇၂၃၂၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၅၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်လမြိုင်-ကျိုက်မရောလမ်း ကွဲခြံကုန်းရပ်ကွက်လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့စားသောက်ကုန်ပစ္စည်းနှစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြိတ်မြို့ မင်းဓမ္မ(၈)လမ်း အင်းလေးမြိုင်စက်မှုဇုန်ရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ (၁၆)မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၈ မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၈၃၄၂၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် စက်မှုဇုန်ထုတ် Myanmar Station Wagon တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ပြင်ဦးလွင်မြို့ ပြင်စာရွာလမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်းနှစ်မျိုး၊ တိရစ္ဆာန်အစားအစာ လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၅၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၃၃၄၂၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။






မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်လေးပင်ခရိုင်အတွင်း၌ တရားမဝင် သစ်မာ ၀ ဒသမ ၄၈၆ တန်၊ အခြားသစ် ၂ ဒသမ ၅၄၅ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၂၀၁၆ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၄၈ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၈၈၆၅၃၃၆)ကို ဖမ်းဆီးရမိခဲ့သည်။ ယနေ့ ဖမ်းဆီးရမိမှုများတွင် စားသောက်ကုန်ပစ္စည်းများ တရားမဝင်တင်သွင်းလာသည်ကို တွေ့ရှိရပြီး ၎င်းစံချိန်စံညွှန်းအရည်အသွေး ပြည့်ဝခြင်းမရှိနိုင်သည့် စားသောက်ကုန်ပစ္စည်းများကြောင့် နိုင်ငံအတွင်းရှိ ပြည်သူများအတွက် စားသုံးသူအခွင့်အရေးဆုံးရှုံးခြင်းများ ဖြစ်ပေါ်နိုင်စေသည့်အပြင် အသက်အန္တရာယ်ထိခိုက်နစ်နာမှုများလည်း ဖြစ်ပေါ်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်သွယ်မှုများ လျော့နည်းပပျောက်စေရေး သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ကယားပြည်နယ်ဝန်ကြီးချုပ် လွိုင်ကော်မြို့နယ်အတွင်း ရေပြန်လည်ကျဆင်းသွားသည့် ရပ်ကွက်များ၌ သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေး



**လွိုင်ကော် အောက်တိုဘာ ၂၆**

ကယားပြည်နယ် လွိုင်ကော်မြို့နယ်အတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ပြီး ရေပြန်လည်ကျဆင်းခဲ့သည့်အတွက် မြို့အင်္ဂါရပ်များနှင့်အညီ မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စနစ်တကျ စီမံဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၂၅ ရက်က ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် တာဝန်ရှိသူများသည် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့မှ ဝန်ထမ်းများဖြင့် ရေပြန်လည်ကျဆင်းသွားသည့် မင်္ဂလာရပ်ကွက်အတွင်းရှိ နေအိမ်များတွင် သန့်ရှင်းသော သောက်သုံးရေများ အသုံးပြုနိုင်ရေး ရေတွင်းရေကန်များအတွင်းမှ ရေဆိုးများ စုပ်ထုတ်ပေးနေမှု၊ တွင်းဆေး၊ တွင်းမှုတ် ဆောင်ရွက်ပေးနေမှုနှင့် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ ကလိုရင်းဆေးနှင့် အဘိတ်ဆေးများ ထည့်သွင်းဆောင်ရွက်ပေးနေမှုများ၊ စည်ပင်သာယာရေးအဖွဲ့များက ရပ်ကွက်အတွင်း လမ်းဘေးဝဲယာ သစ်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းနေမှုများနှင့် သန့်ရှင်းရေးဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးခဲ့ပြီး ရပ်ကွက်နေ ပြည်သူများနှင့် နှုတ်ဆက်စကား ပြောကြားသည်။

ဆက်လက်၍ ရေပြန်လည်ကျဆင်းသွားသည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လွိုင်ကော်ခရိုင်ရုံးသို့ ရောက်ရှိကာ အဆောက်အအုံကို ပြန်လည်ပြင်ဆင်ရေး၊ ပြည်သူများအသိပညာ ဗဟုသုတရရှိရေး စာအုပ်စာစောင်များ ငှားရမ်း၊ ဖတ်ရှုနိုင်ရေး၊ ပြတိုက်ငယ်ရှိ ပစ္စည်းများ ပျက်စီးမှုမရှိစေရေးနှင့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားနိုင်ရေး တာဝန်ရှိသူများအား မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဗဟိုဈေးသို့ ရောက်ရှိကာ ဈေးပြန်လည်ဖွင့်လှစ်နိုင်ရန် ဈေးဆိုင်ခန်းများ ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှု၍ ဈေးဆိုင်ခန်းများအမြန် ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် တာဝန်ရှိသူများအား မှာကြားသည်။ ဆက်လက်၍ မင်္ဂလာရပ်ကွက်ရှိ ငြိမ်းချမ်းကြက်စာနှင့် ဆေးအရောင်းဆိုင် ဖွင့်လှစ်ရောင်းချနေမှုများကို ကြည့်ရှုအားပေးကာ မွေးမြူရေး လုပ်ငန်းများနှင့်ပတ်သက်၍ အစားအစာများ ပြတ်လပ်မှုမရှိစေရေး၊ ဈေးနှုန်းများ မှန်ကန်စွာ ရောင်းချနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဘီလူးချောင်း တံတား(ရှမ်းပိုင်း)သို့ ရောက်ရှိကာ ဥပဓိရုပ် ကောင်းမွန်စေရေးနှင့် မြို့ပြအင်္ဂါရပ်နှင့်အညီဖြစ်စေရေး တံတား၊ Road Curb နှင့် လမ်းလယ်ကျွန်း သံပန်းများ ဆေးပြန်လည်သုတ်နေမှုများကို ကြည့်ရှုသည်။ ဆက်လက်၍ လွိုင်ကော်မြို့အဝင် မုခ်ဦး ပြန်လည်ပြင်ဆင်ပြီးစီးမှု၊ မြေယာရှုခင်းနှင့် ပန်းအလှပင်များ စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုခဲ့ပြီး မြို့သို့ အလည်အပတ်လာကြသည့် ခရီးသွားပြည်သူများ မြို့ဝင်သည်နှင့် စိတ်ကြည်လင်လန်းဆန်းပြီး ကြည်နူးပီတိစိတ်များ ခံစားနိုင်ရန်အတွက် မြို့အဝင် စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေးကို အမြဲမပြတ် အလေးထားဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)

# ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ကျေးရွာသုံးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီး

**ကျောက်ပန်းတောင်း အောက်တိုဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ ကျေးရွာသုံးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ခွင့်ပြုရန်ပုံငွေများဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ကျေးရွာ၏ လိုအပ်ချက်များကို ဖော်ထုတ်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကို ကျေးရွာတစ်ရွာလျှင် VDP ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ စုစုပေါင်းရန်ပုံငွေကျပ်သိန်း ၄၅၀ နှင့် ကျေးရွာပြည်သူထည့်ဝင်ငွေများကို အသုံးပြုကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ဝါးရုံကုန်းရွာသစ်ကျေးရွာ၌ ရေစင်တည်ဆောက်ခြင်းနှင့် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းကိုလည်းကောင်း၊ ဘဲများ(စီရင်စု)ကျေးရွာ၌ ရေစင်တည်ဆောက်ခြင်းနှင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို လည်းကောင်း၊ ထန်းတောကြီးကျေးရွာတွင် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကိုလည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သည်။

အဆိုပါ ကျေးရွာသုံးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးသက်နှင့် စီမံကိန်းတာဝန်ခံတို့က ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

၂၂၂





# ရှမ်းပြည်နယ်တရားသူကြီးချုပ် ညောင်ရွှေ၊ ရွှေညောင်နှင့် အေးသာယာရဲစခန်းအချုပ်ခန်းများ ကြည့်ရှုစစ်ဆေး

**တောင်ကြီး အောက်တိုဘာ ၂၆**

ညောင်ရွှေမြို့မရဲစခန်း အချုပ်ခန်း၊ ရွှေညောင်နယ်မြေရဲစခန်း အချုပ်ခန်းနှင့် အေးသာယာနယ်မြေရဲစခန်းအချုပ်ခန်းများသို့ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းဦးလွင်က အောက်တိုဘာ ၂၄ ရက်တွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်တရားသူကြီးချုပ်က အဆိုပါအချုပ်ခန်းများတွင် ပြစ်ဒဏ်ကျခံနေရသည့် အချုပ်သား အချုပ်သူဦးရေ၊ နေထိုင်စားသောက်မှု အဆင်ပြေချောမွေ့ခြင်း ရှိ မရှိ၊ ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေကောင်းမွန်မှု ရှိ မရှိ၊ သန့်ရှင်းသော သောက်ရေ၊ သုံးရေ ရရှိမှုအခြေအနေ၊ ဥပဒေပါအခွင့်အရေးအရ အယူခံ၊ ပြင်ဆင်တက်ရောက်မှု အခွင့်အရေးရရှိမှု ရှိ မရှိ၊ ဥပဒေပါ အခွင့်အရေးဖောက်ဖျက်ခံရမှု ရှိ မရှိ အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးမေးမြန်းသည်။**(အပေါ်ပုံ)**

ထို့နောက် ရှမ်းပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်က ရဲစခန်းတာဝန်ခံအရာရှိများအား လုံခြုံရေးစီမံချက်များအတိုင်း အထူးအလေးထား ဆောင်ရွက်ရန်နှင့် အခြားလိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ဆီဆိုင်မြို့နယ် မဲ့ဘောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ရန်ပုံငွေများ ထုတ်ချေး

**ဆီဆိုင် အောက်တိုဘာ ၂၆**



ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နောင်ကျောကျေးရွာအုပ်စုမဲ့ဘောင်ကျေးရွာရှိ ကျေးလက်နေပြည်သူများ နေကြာအပါအဝင် အခြားဆီထွက်သီးနှံ စိုက်ပျိုးသောတောင်သူများ လိုအပ်လျက်ရှိသည့် မျိုးစေ့၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များ ဝယ်ယူသုံးစွဲနိုင်ရန် အတိုးနှုန်းသက်သာသော ချေးငွေများ ပံ့ပိုးပေးနိုင်ရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) လည်ပတ်ရန်ပုံငွေများ တတိယအကြိမ် ထုတ်ချေးခြင်း အခမ်းအနားကို အောက်တိုဘာ ၂၄ ရက်က အဆိုပါ ကျေးရွာ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သိန်းနွဲ့ဦးက လည်ပတ်ရန်ပုံငွေ များ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။**(အပေါ်ပုံ)**

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလ သတ်မှတ်ချက်များ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ပြောကြားပြီး မြို့နယ်ဦးစီးမှူးက မဲ့ဘောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)လုပ်ငန်းအဖွဲ့ဝင်များထံသို့ လည်ပတ်ရန်ပုံငွေကျပ် ၃၂ ဒသမ ၄၅ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မဲ့ဘောင်ကျေးရွာရှိ နေကြာစိုက်ပျိုးမည့် အသင်းသူအသင်းသား ၇၇ ဦးကို လည်ပတ်ရန်ပုံငွေကျပ် ၃၂ ဒသမ ၄၅ သန်းကို တောင်သူတစ်ဦးချင်း လက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**

# တောင်ဥက္ကလာပမြို့နယ်၌ သမဝါယမအသင်းများ၏ အမှုဆောင်များစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်၌ မြို့နယ်သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုတို့ ပူးပေါင်း၍ ဖွင့်လှစ်သော မြို့နယ်အတွင်းရှိ သမဝါယမအသင်းများ၏ အမှုဆောင်များ စွမ်းဆောင်ရည်မြှင့်တင်ရေး ရက်တိုသင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲကို အောက်တိုဘာ ၂၅ ရက်က အမှတ်(၁၀)ရပ်ကွက် မေတ္တာလမ်း မြို့နယ်သမဝါယမအသင်းစု၌ ကျင်းပသည်။

အခမ်းအနား၌ တောင်ဥက္ကလာပ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးခင်ဇော်နှင့် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးသာအောင်ဌေးတို့က သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းသားများက သင်တန်း တက်ရောက်ရခြင်း၏ အကျိုးကျေးဇူးများကို ပြန်လည်မျှဝေပေးကြသည်။ ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးခင်ဇော်နှင့် တာဝန်ရှိသူများက သင်တန်းတက်ရောက်ခဲ့သည့် အမှုဆောင်များအား သင်တန်းဆင်း လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ သင်တန်းဆင်းပွဲကို အောက်တိုဘာ ၂၁ ရက်မှ အောက်တိုဘာ ၂၅ ရက်အထိ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**ခင်ဆွေနှင်း**

(ပြန်/ဆက်)

## ပတ်စ်ပို့ပျောက်ဆုံးခြင်း

နမ့်ခမ်းမြို့၊ အောင်မေတ္တာရပ်နေ နန်းရွှေဟန်(ဘ) ဦးတုန်တာ (၁၃/နခန(နိုင်)၀၃၆၃၄၁) ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉ ၇၆၉ ၅၁၆ ၃၀၄

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9N/9629 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
(ရွာသာကြီး)

## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

- လူရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ပန်ကာများကို ဆက်တိုက် ဖွင့်ထားခြင်းက မီတာခ ပိုကျစေပါ၍ အသုံးလိုမှ ဖွင့်ပါ။
- မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ
- ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်။

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ (၂၀၂၄-၂၀၂၅) ဘဏ္ဍာရေးနှစ်၊ သာမန်အသုံးစရိတ် ရန်ပုံငွေဖြင့် ရန်ကုန်မြို့ရှိဆေးသိုလှောင်ရုံများနှင့် နေပြည်တော်ဆေးသိုလှောင်ရုံတို့မှ ဆေးနှင့်ဆေးပစ္စည်းများ၊ စက်ပစ္စည်းများ၊ ပုံနှိပ်ပစ္စည်းများအား တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများသို့ သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် ငှားရမ်းလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် သက်တမ်းရှိ ကုမ္ပဏီများအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေး ဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင် လာရောက်ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

**တင်ဒါအမှတ်** - Tender.13.Transport (2024–2025)
**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၉ - ၁၀ -၂၀၂၄ ရက်
**တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန်** - ၂၈ - ၁၁ -၂၀၂၄ ရက်၊ မွန်းတည့်(၁၂:၀၀)နာရီ

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇-၃၄၃၁၀၈၅/၀၆၇-၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် ဘဏ္ဍာရေးနှစ် (၂၀၂၄- ၂၀၂၅)ဘဏ္ဍာရေးနှစ် သာမန်အသုံးစရိတ် ရန်ပုံငွေဖြင့် Myanmar CDC ဝင်းအတွင်း သစ်ပင်၊ ပန်းမန်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် မြေယာပြုပြင်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် ငှားရမ်းဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင် မှတ်ပုံတင်ထားသည့် သက်တမ်းရှိကုမ္ပဏီများအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ် (၄၇)နေပြည်တော်၌ လူကိုယ်တိုင် လာရောက်ရယူနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

**တင်ဒါအမှတ်** - Tender.14.Gardening (2024–2025)
**တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၂၈-၁၀-၂၀၂၄ ရက်နေ့
**တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန်** - ၁၁-၁၁-၂၀၂၄ ရက် မွန်းတည့်(၁၂:၀၀)နာရီ

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း- ၀၆၇-၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် ဘဏ္ဍာရေးနှစ် (၂၀၂၄-၂၀၂၅) ဘဏ္ဍာရေးနှစ် သာမန်အသုံးစရိတ် ရန်ပုံငွေဖြင့် Myanmar CDC ရုံးအတွင်း သန့်ရှင်းရေးလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် ငှားရမ်း ဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် သက်တမ်းရှိ ကုမ္ပဏီများအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ် (၄၇)နေပြည်တော်၌ လူကိုယ်တိုင် လာရောက်ရယူနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

**တင်ဒါအမှတ်** - Tender.15.Cleaning (2024–2025)
**တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၂၈-၁၀-၂၀၂၄ ရက်
**တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန်** - ၁၁-၁၁-၂၀၂၄ ရက် မွန်းတည့်(၁၂:၀၀)နာရီ

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း- ၀၆၇-၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ကျွန်မ ဒေါ်သန္တာအေး ၁၂/ဗဟန(နိုင်)၀၀၄၄၄၅၏ မိခင် ဒေါ်သိန်းရီ(ကွယ်လွန်)ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပေါက်ကံမြို့၊ အမှတ် ၁၂/၃၂၈၊ အောင်ဖြိုးဝေလမ်း၊ မြေချပါမစ်မှာ ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထား မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သန္တာအေး**
**၁၂/ဗဟန(နိုင်)၀၀၄၄၄၅**
**ဖုန်း-၀၉-၄၂၀၃၁၂၈၀၆**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေအနောက်ရပ်ကွက်၊ အကွက်အမှတ် ၅၂၄၊ ဦးပိုင်အမှတ် (၃၅-က+၅၀)၊ ၃၉x၄၀ လမ်းကြား၊ ၈၄x၈၅ လမ်းကြားရှိ ဒေါ်စိန်စိန်အမည်ပေါက် ဘိုးဘမြေကွက်အား ဖခင်ဦးတင်အောင်၊ မိခင် ဒေါ်စိန်စိန်တို့အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၂၁၈၀/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့ကြသော သား၊ သမီးများဖြစ်ကြသည့် ဒေါ်စိုးစိုးအောင် ၉/မရတ(နိုင်)၀၅၅၇၈၂၊ ဒေါ်ဇော်ဇော်အောင် ၉/မရတ(နိုင်)၀၅၅၇၈၃၊ ဒေါ်ယုယုအောင် ၉/မရတ(နိုင်)၀၅၅၇၈၄၊ ဦးမျိုးအောင် ၉/မရတ(နိုင်)၀၅၅၇၈၅တို့က အမှုတွဲအမှတ် (၀၅၂၀/ဘပြောင်း)/ ၂၀၂၄-၂၀၂၅)ဖြင့် ဘိုးဘ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်ရပ်ကွက်၊ အကွက်အမှတ် ၅၆၅၊ ဦးပိုင်အမှတ် (၄၅)/၃၂x၃၃ လမ်းကြား၊ ၈၄x၈၅ လမ်းကြားရှိ ဦးစံတင်၊ ဒေါ်အုံးပွင့်အမည်ပေါက် ဘိုးဘမြေကွက်အား အမည်ပေါက်သူ ဦးစံတင်၊ ဒေါ်အုံးပွင့်၊ ဖခင် ဦးဖဲညွန့်၊ မိခင် ဒေါ်ကောင်းညွန့်တို့အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၄၀၃၅/၂၀၀၄)ဖြင့် အမွေဆက်ခံခဲ့သော တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်ပွေးထံမှ မှတ်ပုံတင်အရောင်း အဝယ်စာချုပ်အမှတ် (၃၄၄၀/၂၀၀၅)ဖြင့် ဝယ်ယူခဲ့သူ ဦးအောင်မြင့် ၉/မရမ(နိုင်)၀၉၁၀၀၉ က အမှုတွဲအမှတ် (၀၅၁၇/ ဘ(ပြောင်း)/၂၀၂၄-၂၀၂၅)ဖြင့် ဘိုးဘ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ် လလ-၈၂ဦးပိုင်အမှတ် (၆၀)၊ ၁၄၁(င)လမ်း၊၄၉x၅၀လမ်းကြားရှိ ဦးစန်းယုဝင်း အမည်ပေါက် ဂရန်မြေကွက်အား ဖခင်ဦးဝင်းမောင်၊ မိခင်ဒေါ်သန်းသန်း(မောင်/ညီ)ဖြစ်သူ ဦးစန်းယုဝင်း(လူပျိုကြီးဘဝဖြင့်)တို့ အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၂၂၆၅/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့ကြသည့် ဒေါ်သီတာဝင်း၊ဦးမျိုးဝင်း၊ဒေါ်နီလာဝင်း၊ဦးသန်းထွဋ်ဝင်းတို့က အမွေဆက်ခံခဲ့ပြီး၊ ၎င်းတို့ (၄ ဦး)အနက် ဒေါ်သီတာဝင်း ပါ(၃)ဦးထံမှ မှတ်ပုံတင်စွန့်လွှတ်စာချုပ်အမှတ်(၃၂၆၆/၂၀၂၄)ဖြင့် စွန့်လွှတ်ခြင်းကိုလက်ခံသူ ဦးသန်းထွဋ်ဝင်း ၉/မနတ(နိုင်)၀၀၂၇၄၃က အမှုတွဲအမှတ်(၄၆၄၃/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများပြည်သူသို့ အသိပေးကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ် စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၇၆ ပုဒ်မခွဲ(ခ) အရ **"မော်တော်ဆိုင်ကယ်ကို စီးနင်းမောင်းနှင်ရာတွင် ရှေ့မီးအနိမ့်ကို နေ့/ည အချိန်တိုင်းတွင် ဖွင့်၍မောင်းနှင်ကြပါရန်"** အသိပေးအပ်ပါသည်။

**နေပြည်တော်ယာဉ်**
**စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## တနင်္သာရီတိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး၊
## ထားဝယ်မြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ တနင်္သာရီတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီး အထွေထွေပို့လျှံရန်ပုံငွေဖြင့် တိုင်းဒေသကြီးအတွင်းတွင် ဆောင်ရွက်မည့် လျှပ်စစ်စမ်းသပ်တိုင်းတာရေးကိရိယာဝယ်ယူခြင်းနှင့် ၁၁/၀.၄ကေဗွီ ဓာတ်အားလိုင်း/ခွဲရုံ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်** - (၃၀-၁၀-၂၀၂၄)ရက်မှ (၁၂-၁၁-၂၀၂၄)ရက်ထိ
(ခ) **တင်ဒါတင်သွင်းရမည့်ရက်** - (၁၃-၁၁-၂၀၂၄)ရက်
(ဂ) **တင်ဒါလျှောက်လွှာ ဝယ်ယူ/တင်သွင်း ရမည့်နေရာ** - တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး၊ ရေးလမ်း၊ ပိန္နဲတောရပ်၊ ထားဝယ်မြို့။

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်သိရှိလိုသည်များအား ရုံးချိန်အတွင်း လူကိုယ်တိုင်သော်လည်းကောင်း၊ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့လည်းကောင်း တိုက်ရိုက်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**တနင်္သာရီတိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး**
**ထားဝယ်မြို့**
**ဖုန်း- ၀၉-၄၃၀၀၇၈၄၀၊ ၀၉-၂၅၁၀၀၁၆၉၀**
**၀၉-၄၂၅၃၁၇၂၄၂၊ ၀၉-၄၂၉၈၇၁၄၁၈**
**၀၉-၂၆၂၄၂၂၅၉၊ ၀၉-၇၉၄၁၁၂၇၇၅**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
## တောင်ကြီးမြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၃၂

ဒေါ်ခင်စိုးစိုးသန်း **တရားလို** နှင့် ဒေါ်ခင်မျိုးကြူ **တရားပြိုင်**

အမှတ်(၈၅/၃၅) အမှတ်(၅)ရပ်ကွက်၊ အေးသာယာမြို့နေ ဒေါ်ခင်မျိုးကြူ(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုဖြစ်သော ဒေါ်ခင်စိုးစိုးသန်းက အိမ်ခြံမြေကွက် အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၈ရက်၊ (၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက် မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၂၅)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(အောင်ခိုင်ဖြိုး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**တောင်ကြီးမြို့ နယ်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် ၇၊ ဦးပိုင်အမှတ် (၈၇)၊ ၁၁၃လမ်း၊ ၅၂x၅၃ လမ်းကြားရှိ ဦးမြင့်အောင် အမည်ပေါက် တောဂရန်မြေကွက်အား ချမ်းမြသာစည်မြို့နယ်တရားရုံး၊ တရားမ ကြီးမှုအမှတ် (၂/၂၀၂၂)တွင် ၁၀-၃-၂၀၂၂ရက်က ချမှတ်ခဲ့သော စီရင်ချက်ဒီကရီအရ ဦးမြင့်အောင်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၈၀၅/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဦးစံချိန် ၁၃/ကခန(နိုင်)၀၅၆၅၆၅က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၄၆၄၀/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေအနောက်ရပ်ကွက်၊ အကွက်အမှတ် ၅၂၄၊ ဦးပိုင်အမှတ် (၄၉-က)၊၃၉x၄၀လမ်းကြား၊ ၈၄x၈၅ လမ်းကြားရှိ ဒေါ်စိန်စိန် အမည်ပေါက် ဘိုးဘမြေကွက်အား ဖခင်ဦးတင်အောင်၊ မိခင် ဒေါ်စိန်စိန်တို့ အသီးသီးကွယ်လွန်၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၂၁၈၂/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့ကြသော သား၊သမီးများဖြစ်ကြသည့် ဒေါ်စိုးစိုးအောင် ၉/မရတ(နိုင်)၀၅၅၇၈၂၊ ဒေါ်ဇော်ဇော်အောင် ၉/မရတ(နိုင်)၀၅၅၇၈၃၊ ဒေါ်ယုယုအောင် ၉/မရတ(နိုင်)၀၅၅၇၈၄၊ ဦးမျိုးအောင် ၉/မရတ(နိုင်) ၀၅၅၇၈၅ တို့က အမှုတွဲအမှတ်(၀၅၂၂/ဘ (ပြောင်း)/၂၀၂၄-၂၀၂၅)ဖြင့် ဘိုးဘ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ် သမဝါယမအသင်းစုလီမိတက် အိတ်ဖွင့်လေလံကြေညာခြင်း

ညောင်လေးပင်မြို့နယ်၊ သမဝါယမအသင်းစုပိုင်၊ ညောင်လေးပင်မြို့၊ မြို့မ (၃)ရပ်ကွက်၊ ရွာသစ်ရပ်၊ ရန်ကုန်-မန္တလေးလမ်းပေါ်ရှိ နှစ်(၃၀)ဂရန်ပေါက်မြေကွက်၊ ရပ်-၁၅ ဖအောင်းရွာမရပ်၊ ဦးပိုင်အမှတ်(၂၃/ဃ) မြေဧရိယာ(၀.၁၀၃၀)ဧကပေါ်ရှိ တိုင်နှင့်သွပ်မိုးသာပါသော အဆောက်အအုံ (၂၄'x၅၅') (၁)လုံး၊ လျှပ်စစ်မီတာ(၁) လုံးနှင့် အဝီစိတွင်း(၁)တွင်းအပါ မြေနှင့် အဆောက်အအုံအား အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လေလံလျှောက်လွှာ** - ၂၈-၁၀-၂၀၂၄ ရက် (တနင်္လာနေ့)မှ
**ရောင်းချမည့်ရက်** - ၆-၁၁-၂၀၂၄ ရက် (ဗုဒ္ဓဟူးနေ့)ထိ
**လေလံလျှောက်လွှာ** - ညောင်လေးပင်မြို့နယ်သမဝါယမအသင်းစုရုံး၊ အမှတ်(၆)
**ရောင်းချမည့်နေရာ** - စာတိုက်လမ်း၊ မြို့မ(၂)ရပ်ကွက်၊ ညောင်လေးပင်မြို့
**လေလံလျှောက်လွှာ** - ၆-၁၁-၂၀၂၄ ရက် (ဗုဒ္ဓဟူးနေ့)
**ပိတ်မည့်ရက်** ညနေ(၁၆:၀၀)နာရီ
**လေလံလျှောက်လွှာ** - ၇-၁၁-၂၀၂၄ ရက်(ကြာသပတေးနေ့)နံနက်(၁၀:၀၀)နာရီ
**ဖွင့်ဖောက်မည့်** - ညောင်လေးပင်မြို့နယ်သမဝါယမအသင်းစုရုံး၊ အမှတ်(၆)
**ရက်နှင့်နေရာ** စာတိုက်လမ်း၊ မြို့မ(၂)ရပ်ကွက်၊ညောင်လေးပင်မြို့
**ဆက်သွယ်ရမည့်ဖုန်း**- ၀၉-၇၈၆၅၁၁၁၄၂၊ ၀၉-၂၆၄၇၇၂၇၅၁

**လေလံတင်ထုခွဲရောင်းချရေးအဖွဲ့**

## ငြင်းချက်ထုတ်ရန်သမ္မာန်စာ
## ( တရားမကျင့်ထုံးကိုဋ္ဌပဒေအမိန့်-၅၊ နည်းဥပဒေ -၂၀)
## ရွှေပြည်သာမြို့နယ်တရားရုံးတော်၌
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၅

ဦးအောင်မင်းကိုကို နှင့် ဒေါ်ခင်မြင့်
တရားလို တရားပြိုင်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၆/၉)ရပ်ကွက်၊ တကောင်းလမ်း၊ အမှတ်-၂၈၅(က)နေ ဒေါ်ခင်မြင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးအောင်မင်းကိုကိုက "ကတိပဋိညာဉ်ပါအတိုင်း အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ခုနှစ်၊ နိုဝင်ဘာလ ၈ရက်(၁၃၈၆ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ရက်)မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ပါ နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ (သို့မဟုတ်)သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင်ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(လွှမ်းပို့ပို့စိုး)**
**မြို့နယ်တရားသူကြီး**
**ရွှေပြည်သာမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်(62W/75974) Rato-110 ယာဉ်လက်ဝယ်ရှိသူ Hone Yine Family Co.,Ltd.က (ကမ-၃) ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ခရိုင်ရုံး(မင်းဘူး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်(52W/4571) Dayang-125 ယာဉ်လက်ဝယ်ရှိသူ Sein Sabai Phyu Co.,Ltd. က (ကမ-၃) ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ခရိုင်ရုံး(မင်းဘူး)**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် (6E/8068) Lifan Dump Truck(4X2)(L) ယာဉ်လက်ဝယ်ရှိသူ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (မင်းဘူး)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ-၂၀)
## ပခုက္ကူခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၁

အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက် နှင့် ၁။ ဒေါ်သီသီအောင်
၎င်း၏ကိုယ်စား ဘဏ်ခွဲတာဝန်ခံ ဒေါ်တင်ခိုင်အေး) ၂။ ဦးသန်း
ပခုက္ကူဘဏ်ခွဲ
(တရားလို ) (တရားပြိုင်များ)

အထက်ပါအမှုမှ တရားပြိုင်များဖြစ်သော (၁)တရားပြိုင် ဒေါ်သီသီအောင်၊ သုခဝတီရပ်၊ အမှတ်(၈)ရပ်ကွက်၊ ရေစကြိုမြို့၊ ပခုက္ကူခရိုင်နှင့် (၂)တရားပြိုင် ဦးသန်း၊ နဂါးရုံရပ်၊ အမှတ်(၁)ရပ်ကွက်၊ ရေစကြိုမြို့၊ ပခုက္ကူခရိုင် နေ(ယခုနေရပ်လိပ်စာမသိ)သူတို့ သိစေရမည်။

သင့်တို့အပေါ်၌ တရားလို အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက် (၎င်း၏ကိုယ်စားဘဏ်ခွဲတာဝန်ခံ ဒေါ်တင်ခိုင်အေး)ပခုက္ကူဘဏ်ခွဲက "ဘဏ်ပေါင်ချေးငွေ ၅၄၃,၅၁၃၁၃/-၃၅ပြား (ကျပ်ငါးရာလေးဆယ့်သုံးသိန်းငါးသောင်းတစ်ထောင်သုံးရာတစ်ဆယ့်သုံးကျပ် သုံးဆယ်ငါးပြားတိတိ)အပေါ် အပေါင်ဒီကရီလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ(၂၂)ရက်၊ ၁၃၈၆ခုနှစ်၊ တန်ဆောင်မုန်းလဆုတ်(၇)ရက် မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝါဝါထွေး )**
**ဒုတိယခရိုင်တရားသူကြီး (၂)**
**ပခုက္ကူခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ခနုဖြူမြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၅)အလယ်ပိုင်း၊ ဦးပိုင်အမှတ်(၉၁ ဃ)၊ ဧရိယာ(၀.၀၃၀)ဧကရှိ ဘိုးဘပိုင်မြေအား ဒေါ်ဝင်းကြည် ၁၂/လမန(နိုင်)၀၉၉၀၂၈၏ အမည်ဖြင့် အမည်ပြောင်း လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက် လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၃၀)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဒေါ်ဝင်းကြည် ၁၂/လမန(နိုင်)၀၉၉၀၂၈**
**ဖုန်း-၀၉-၂၅၇၄၂၀၅၆၇**

## လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နေ ၉/ရမသ(နိုင်)၁၉၀၇၈၀ ကိုင်ဆောင်သူ ဒေါ်အေးချမ်းငြိမ်းနှင့် ဒေါ်အေးချမ်းညိမ်းတို့သည်အမည် ၂ မျိုးကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်အေးချမ်းငြိမ်း(ခ)**
**အေးချမ်းညိမ်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

(အဘ) ဦးမိုးလေး၏သမီး ဧရာဝတီတိုင်းဒေသကြီး၊ ခနုဖြူမြို့နယ်၊ အထက ရေလဲမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းတင်(ခ) ဒေါ်စန်းတင့် ၁၄/ခနဖ(နိုင်)၀၇၁၆၆၂ မှာတစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်စန်းတင် (ခ) ဒေါ်စန်းတင့်**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စန်းဝင်း (ခ)ခင်စန်းဝင်း (ဘ)ဦးသိန်းငွေ [၉/မနတ(နိုင်)၀၇၅၄၂၃] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

